ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ (14-10-2005) (၄၇၄၈)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲ မကြာမီတက်ရောက်မည်

ရန်ကုန် အောက်တိုဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတို့သို့ မကြာမီအတွင်း တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းတစ်ပါးအတွေးအခေါ်၊ ယဉ်ကျေးမှုများသည် မီဒီယာများ၊ အင်တာနက်များ အပါအဝင် ယဉ်ကျေးမှုတံခါးပေါက်၊ စီးပွားရေးတံခါးပေါက်များမှ အလုံးအရင်းနှင့် ဝင်ရောက်နေ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို မျိုးချစ်စိတ်ဓာတ်ဖြင့် ကာကွယ်တားဆီး

ပြည်သူများ၏ စိတ်ဓာတ်ရေးရာအခြေခံများ ရင့်သန်ခိုင်မာစေရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစွမ်းအားတို့ဖြင့် ခေတ်ဆော်စည်းရုံးမြှင့်တင်

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရန်ကုန် အောက်တိုဘာ ၁၃

၂၀၀၅ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

တေရသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၄–၁၀–၂၀၀၅
(သောကြာနေ့)

ဒေသအလိုက်ရိက္ခာဖူလုံမှုရှိရေး ကြိုးပမ်း စီးပွားရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်ပြီး မြေလွတ်မြေရိုင်းပေါများသောနိုင်ငံဖြစ်ရာ ဒေသအလိုက် ရိက္ခာဖူလုံမှုရှိရေးနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာ၌ အခြေအနေကောင်းများဖြင့် ပြည့်စုံနေသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအလိုက် ဖြန့်ကြက်မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးတို့အတွက် လိုအပ်ချက်များကို အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်က တနင်္သာရီတိုင်းခရီးစဉ်အတွင်း ဘုတ်ပြင်းမြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့သို့သွားရောက်၍ ဆီအုန်းပင်စိုက်ပျိုးပြီးစီးမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခရီးစဉ်အတွင်း အောက်တိုဘာလ ၅ ရက်နေ့က ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

ပြည်ကြီးမဏ္ဍိုင်မြို့ ပတ်ဝန်းကျင်ဒေသသည် ဘုတ်ပြင်းမြို့နှင့် တနင်္သာရီမြို့အကြား၌တည်ရှိပြီး ဆက်သွယ်မှုအနေအထားအရ ဝေးလံသောဒေသဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် လေညှာ–မဏ္ဍိုင် တံတားကြီးအပါအဝင် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးမှုကြောင့် ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။

ယခုအခါ ပြည်ကြီးမဏ္ဍိုင်မြို့၌ ပြည်သူ့ဆေးရုံကိုဖွင့်လှစ်နိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

တနင်္သာရီတိုင်းအတွင်းရှိ ဘုတ်ပြင်းဒေသသည် ယခင်က အသွားအလာခက်ခဲသော ဒေသဖြစ်သော်လည်း နိုင်ငံတော်၏ စီမံဖြည့်ဆည်းတည်ဆောက်ပေးမှုများကြောင့် ဘုတ်ပြင်း–ကော့သောင်း ကားလမ်းအပိုင်း၊ ဘုတ်ပြင်း–တနင်္သာရီ ကားလမ်းအပိုင်းတို့သည် ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့်အတူ ကော့သောင်း–ဘုတ်ပြင်း–တနင်္သာရီ–မြိတ် ကားလမ်းဘေး တစ်လျှောက်တွင် တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဒေသခံ တောင်သူများကဆီအုန်းစိုက်ပျိုးမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

ဘုတ်ပြင်းမြို့နယ် ချောင်းကပြားကျေးရွာ၌ အဏ္ဏဝါထွန်းကုမ္ပဏီလီမိတက်က ဆီအုန်းအပင်ပေါက် ကိုးသောင်းကျော် စိုက်ပျိုးထားပြီး ၂၀၀၆ ခုနှစ်တွင် ဆက်လက်စိုက်ပျိုးရန် ဆီအုန်းမျိုးစေ့ လေးသိန်းကျော် ပျိုးထောင်ထားကြောင်းသိရသည်။ အလားတူ တနင်္သာရီမြို့နယ် ချောင်းနောက်ပြန်စခန်း၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ဆီအုန်းပင်ပေါက် ခြောက်သောင်းကျော်ပျိုးထောင်ထားပြီး ဆီအုန်းဧကတစ်ထောင်ကျော် စိုက်ပျိုးထားပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အားပေးကူညီဖြည့်ဆည်းပေးမှုများနှင့်အညီ ရေမြေရာသီဥတုကောင်းမွန်သော တနင်္သာရီတိုင်းအနေဖြင့် ဒေသအလိုက် စားနပ်ရိက္ခာဖူလုံမှုရှိရေးအတွက် လယ်မြေယာမြေသစ်များ ဖော်ထုတ်စိုက်ပျိုးကြရန်နှင့် ဈေးကွက်ရှိသော ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးပြီး စီးပွားရေးလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၂/၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ စည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၂/၂၀၀၅)ကို သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉နာရီတွင် ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအစည်းအဝေးသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ အတွင်းရေးမှူးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်ပါလုပ်ငန်းရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဒိန်းမတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ရန်ကုန် အောက်တိုဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းအား ဒိန်းမတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ထားဝယ်ရိုးရာ သပိတ်မျှောပွဲ

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်မြို့ရောက် ထားဝယ်သူ၊ ထားဝယ်သားများ၏ နဝမအကြိမ်မြောက် ထားဝယ်ရိုးရာသပိတ်မျှောပွဲကိုအောက်တိုဘာ ၁၇ ရက် (သီတင်းကျွတ်လပြည့်နေ့) အရုဏ်တွင် ကျင်းပမည်။ အောက်တိုဘာ ၁၆ ရက် အဖိတ်နေ့ညတွင် ဗိုလ်တထောင်စေတီတော် မင်္ဂလာသိဒ္ဓိတန်ဆောင်းတွင် မြတ်စွာဘုရားနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်တို့အား ပူဇော်ကန်တော့ပြီး လပြည့်နေ့အရုဏ်တွင် ဗိုလ်တထောင်ဆိပ်ကမ်း၌ သပိတ်များမျှောမည်ဖြစ်သည်။ အလှူရှင်များ ပုဇွန်တောင်မြို့နယ် ရေကျော်ဈေးကြီး အမှတ်–၂၈ ဓိဇဝါလမ်းရှိ ဦးလှိုင်ထွန်းနှင့်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၂၃)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနသို့ လာရောက်သွေးလှူဒါန်းသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Ms. Vicky Bowman **အား ကြည့်ရှုအားပေးစဉ်။** (ကျန်းမာရေး)

ဆုချီးမြှင့်

လူမှုဝန်ထမ်းဦးစီးဌာန စမ်းချောင်းမြို့နယ် ကျွန်းတောမူလတန်းကျောင်း ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၂ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ ကဗျာပြိုင်ပွဲဆုရ မချောဆုသွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဒါရီ ဆုချီးမြှင့်စဉ်။ (၃၂)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ဗြိတိန်သံအမတ်ကြီး သွေးလှူဒါန်းမှု ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Ms. Vicky Bowman လာရောက်သွေးလှူဒါန်းမှုကို ကြိုဆိုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်သည် အမျိုးသားသွေးဌာနသို့ လာရောက် သွေးလှူဒါန်းသော မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး ခေါင်းဆောင်သည့် ဗြိတိန်နိုင်ငံ သံရုံးအဖွဲ့အား ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အမျိုးသားသွေးဌာန Aphresis Machine အခန်း၌ ဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာ၊ အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်တို့နှင့် အတူတာဝန်ရှိသူများက သံအမတ်ကြီး H.E. Ms. Vicky Bowman အား သွေးတိုင်းတာမှု၊ သွေးလှူဒါန်းမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ကြီးဒေါက်တာကျော်မြင့်က သံအမတ်ကြီးအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Ms. Vicky Bowman နှင့်အတူ သံရုံးဝန်ထမ်းမိသားစု ၁၀ဦး သွေးလှူဒါန်းကြသည်။ (သတင်းစဉ်)

ဝိဓူရဇာတ်တော်ကြီးကို မြန်မာ့ဇာတ်သဘင် အနှစ်သာရဖြင့် အနုပညာရသပေါ်လွင်အောင် ခမ်းနားထည်ဝါစွာ ယှဉ်ပြိုင်ရန် စီစဉ်ထား

တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပြိုင်ပွဲကျင်းပရန် စီစဉ်ထား ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပထမပိုင်း

ရှေးဦးစွာ ဖွင့်ပွဲ အခမ်းအနား ပထမပိုင်း အစီအစဉ်ကို နံနက် ၆နာရီ ၁၅မိနစ်တွင် အမျိုးသားဇာတ်ရုံ ခန်းမဆောင်၌ ကျင်းပရာပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ် အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ပြည်နယ်နှင့်တိုင်း ၁၄ခုမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဝတ်စုံများ ဝတ်ဆင်ထား သော ပြိုင်ပွဲဝင် အမျိုးသမီးများ၊ အကပြိုင်ပွဲဝင် အသင်း ၁၆သင်းမှ ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်နှင့် အဆင့်မြင့် ပညာအဆင့်တို့၌ ပြိုင်ပွဲဝင်ကြမည့် အကဝတ်စုံများ ဝတ်ဆင် ထားကြသော ပြိုင်ပွဲဝင် အမျိုးသမီးများနှင့် ယဉ်ကျေးမှု တက္ကသိုလ်မှ ကလပ်နှင့်ဖဲကြိုး၊ကြက်လျှာကိုင် မြန်မာဝတ်စုံ ဝတ် အမျိုးသမီးငယ်များက သတ်မှတ်ထားသော နေရာ အသီးသီးတို့၌ နေရာယူကြသည်။

ဖွင့်ပွဲအခမ်းအနားပထမပိုင်း အစီအစဉ်တွင် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်တင်တင်မြ နှင့် ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင် ရွက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယက အဖွဲ့ဝင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲကျင်းပရန် စီစဉ်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာတွင် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို ၁၉၉၃ခုနှစ်ကစပြီး နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၃)ကြိမ်မြောက်ဖြစ်သည့် တေရသမအကြိမ်ကို ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

ယနေ့၂၀၀၅ခုနှစ် အောက်တိုဘာ၁၃ရက်ကစပြီး ၃၁ရက် အထိ ကျင်းပသွားမည့် တေရသမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးကို ရည် ရွယ်ချက်(၇)ရပ် ချမှတ်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း ရည်ရွယ်ချက်များမှာ-

- **မျိုးချစ်စိတ်ဓာတ်နှင့်ဇာတိသွေး၊ ဇာတိမာန်ထက်မြက် မြင့်မားရန်၊**
- **မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရန်၊**
- **မြန်မာ့ဂီတ၊မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရန်၊**
- **မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊**
- **လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်း ရန်၊**
- **တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ် တားဆီးရန်၊**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စု စိတ်ဓာတ် ပိုမိုခိုင်မာရှင်သန်လာစေရန်**

တို့ဖြစ်ကြောင်း။

ယခုနှစ်ပြိုင်ပွဲကြီးတွင် အနုပညာရှင်ကြီးများ၏ ဆန္ဒအရ ယခင်နှစ်များက ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲအဆင့်နှင့် ပြိုင်ပွဲ ဘာသာရပ်များအပြင် ဇာတ်သဘင်ပြိုင်ပွဲ၌ **“ဝိဓူရဇာတ်တော် ကြီး”**ကို မြန်မာ့ဇာတ်သဘင်အနှစ်သာရဖြင့် အနုပညာရသ ပေါ်လွင်အောင် ခမ်းနားထည်ဝါစွာ ယှဉ်ပြိုင်ကြရန် စီစဉ်ထား ပြီးဖြစ်ကြောင်း။

ကပြယှဉ်ပြိုင်

ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်ရာတွင် ဝါသနာရှင်အဆင့်၌ **“ဇော်နှင့်မင်းသား”**အကကို သတ်မှတ်ထားသည့် တေး သီချင်း၊ တီးလုံးများအတိုင်း ကြိုးဆွဲ ကပြယှဉ်ပြိုင်ကြမည် ဖြစ်ပြီး ပညာရှင်အဆင့်၌**“မင်းကုသဇာတ်တော်”**ကို အဆို၊ အငို၊ အပြောများဖြင့် အမြင့်သဘင်အစဉ်အလာများအတိုင်း ကပြယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း။

ယခုပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြိုင်ပွဲဝင်၂၄၈၂ ဦးဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုများကို လည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို မြတ်နိုးထိန်းသိမ်းကြသူများဖြစ်သည့် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲကြီးကို မွန်မြတ်သည့် ဦးတည်ချက်များနှင့် အညီ အနှစ်သာရရှိရှိ ပျော်ရွှင်ချမ်းမြေ့စွာ ယှဉ်ပြိုင်သွားနိုင်စေရန် အဘက်ဘက်က ပြည့်စုံအောင် စနစ်တကျစီမံ ဆောင်ရွက် ထားပြီးဖြစ်ကြောင်း။

ပြည်သူများအနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာအားပေး ကြည့်ရှုကြရန် စောင့်မျှော်နေကြပြီ ဖြစ်သည့်အတွက် ပြိုင်ပွဲ အသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ စိတ်ချမ်း မြေ့ပျော်ရွှင်စွာဖြင့် ယှဉ်ပြိုင်ပွဲသွားကြပါဟု ဝမ်းမြောက် ဂုဏ်ယူစွာ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က တေရသမ အကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲ ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲပထမပိုင်း အစီအစဉ်အပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေး

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်တွင် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းနှင့် ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက် ကြသည်။ ရှေးဦးစွာ တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီး ကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားသည်။

(အတွင်းရေးမှူး(၁)၏ အဖွင့်မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြ ထားပါသည်။)

ယင်းနောက် ဂီတလုလင်ဦးကိုကို ရေးစပ်သီကုံးသော တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲဂုဏ်ပြု တေးသီချင်းကို အနုပညာရှင်များက သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ စစ်သံမှူးများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်ကျင်းပ

ယင်းနောက် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို အမျိုးသားဇာတ်ရုံ အတွင်း၌ ဆက်လက်ကျင်းပသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ် ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကို ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးစဉ်။ (သတင်းစဉ်)

နှစ်လယ်ရတနာပြပွဲ တတိယနေ့ဆက်လက်ရောင်းချ ပြည်တွင်းပြည်ပရတနာကုန်သည်၂၀၅၁ဦး အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် အောက်တိုဘာ ၁၃

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့အဖြစ် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့သည် ညနေ ၅နာရီ ၁၅မိနစ်တွင် ရောက်ရှိ၍ မြန်မာ့ကျောက်မျက် ရတနာခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်စိမ်းတွဲများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့်ရောင်းချနေမှုများကို ကြည့်ရှုအားပေးကာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ရောင်းချ

ယခုနှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိ နေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၃နာရီမှ ည ၁၂နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၂တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲ ၃၄၀ကို ရောင်းချခဲ့ရသည်။

ကျောက်စိမ်း

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့ နံနက် ၈နာရီမှ ညနေ ၃နာရီအထိ ကျောက်စိမ်းအတွဲ များကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်း အတွဲပေါင်း ၂၈တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ရောင်းချလျက်ရှိသည်။

အပြိုင်အဆိုင်ဝယ်ယူ

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃နိုင်ငံမှ ရတနာကုန်သည် ၁၂၃၄ဦးနှင့် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၈၁၇ဦး စုစုပေါင်း ရတနာကုန်သည် ၂၀၅၁ဦး တို့တက်ရောက်၍ အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြ သည်။

ဆက်လက်ရောင်းချ

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၁၄ရက်(ယနေ့)တွင် ဈေးပြိုင်စနစ်ဖြင့် စတုတ္ထနေ့အဖြစ်ဆက် လက် ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမေရိကန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်း၍ လူခုနစ်ဦးထက်မနည်းသေဆုံး

ဝါရှင်တန် အောက်တိုဘာ ၁၂

အမေရိကန်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့်ရက်သတ္တပတ်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ လူခုနစ်ဦးထက် မနည်းသေဆုံးခဲ့ပြီး လူရာချီ၍ ရွှေ့ပြောင်းပေးခဲ့ရကာ လူအများအပြားမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြင့် ကြုံတွေ့ခဲ့ရကြောင်းဖြင့် ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အရှေ့မြောက်ရှိ နယူးဟမ်ရှိုင်းယား ပြည်နယ်တွင် မော်တော်ယာဉ်တစ်စီး တံတားပေါ်မှ ရေထဲထိုးကျသွားသဖြင့် လူငယ်နှစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး မြစ်ထဲသို့ မျောပါသွားခဲ့သည်ဟု တနင်္လာနေ့က သတင်းများအရ သိရှိရသည်။

နယူးယောက် ပြည်နယ်တွင် ခြောက်နှစ်သား ယောကျာ်းလေးတစ်ဦး မြစ်အတွင်းသို့ ၎င်း၏ မိခင်၏ သူငယ်ချင်းနှင့်အတူ ချော်ကျသွားခဲ့သည်။ ပင်စီဖေးနီးယား ပြည်နယ်တွင် အသက် ၁၉ နှစ်ရှိ အမျိုးသမီးတစ်ဦးသည် ရေလျှံနေသည့်လမ်းမပေါ်တွင် မော်တော်ယာဉ်မောင်းနှင်ရန် ကြိုးပမ်းရာ၌ သေဆုံးခဲ့ပြီး နယူးဂျာစီပြည်နယ်တွင် လမ်းလျှောက်တတ်စ ကလေးငယ်တစ်ဦး၏ မိဘများ မော်တော်ယာဉ်မောင်းနှင်စဉ် ထိန်းမရသဖြင့် ၎င်းကလေးငယ်၏ခေါင်းတွင် ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည်။

နယူးဂျာစီပြည်နယ်တွင် ရေလျှံမှုကြောင့် လူ ၃၀ ထက်မနည်း ဘေးကင်းရာသို့ စနေနေ့က ရွှေ့ပြောင်းခဲ့ရပြီး အိမ်ခြေ ၆၀၀၀ အတွက် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရကာ လူ ၂၀၀ ခန့်သည် ဗားမောင့်မြို့ရှိ အိမ်များမှ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ကြရကြောင်း သတင်းများအရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တွင် မျက်နှာဖုံးများစွပ်၍ လုံခြုံရေးဆောင်ရွက်နေကြသော အပေါင်းပါတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ မိုင်းပေါက်ကွဲ တူရကီတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ

အန်ကာရာ အောက်တိုဘာ ၁၂

တူရကီတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် မော်တော်ယာဉ်တစ်စီးသည် တူရကီနိုင်ငံ အရှေ့ပိုင်းဒေသတွင် မြေမြှုပ်မိုင်းကို တနင်္လာနေ့က နင်းမိသဖြင့် တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။ တူရကီတပ်ဖွဲ့ဝင်များ တင်ဆောင်လာသည့် စစ်ဘက်ယာဉ်တစ်စီးသည် ဘင်ဂိုပြည်နယ် ယေလာဒီယာမြို့တွင် မတရားသင်းကြေညာခံထားရသည့် ကာဒ့် အလုပ်သမားပါတီ (ပီကေကေ) အဖွဲ့ဝင်များ ထောင်ထားသော မြေမြှုပ်မိုင်း နင်းမိခြင်းဖြစ်သည်။

ထိုစဉ်အတွင်း ဘတ်စ်ကားငယ်တစ်စီးသည် တူရကီအရှေ့ပိုင်းဒေသရှိ ဗင်မြို့တွင် ပီကေကေ ပြောက်ကျားများ ထောင်ထားသည့် မြေမြှုပ်မိုင်းနင်းမိခဲ့ရာ ကလေးငယ်တစ်ဦးသည် အခြားလူခြောက်ဦးနှင့်အတူ စနေနေ့က ရရှိခဲ့သည့်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

အခြားဖြစ်ရပ်တစ်ခုအတွင်း ပီကေကေ ပြောက်ကျားများက ရဲအရာရှိတစ်ဦးအား တူရကီအရှေ့တောင်ပိုင်း ဆာနပ်ပြည်နယ်တွင် စနေနေ့ညက ပြန်ပေးဆွဲခဲ့သည်ဟု ဖော်ပြပါသတင်းဌာန၏ ထုတ်ပြန်မှုအရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ် မရောက်မီ ကာဘူးမြို့တော်တွင် ဒုံးကျည်ပေါက်ကွဲ

ကာဘူး အောက်တိုဘာ ၁၂

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် အာဖဂန်နစ္စတန်နိုင်ငံ ကာဘူးမြို့တော်သို့ မရောက်မီ နာရီအနည်းငယ်အတွင်း ရော့ကက်ဒုံးကျည်တစ်စင်း မြို့တွင်းကျရောက်ပေါက်ကွဲခဲ့သဖြင့် လူတစ်ဦး ဗုဒ္ဓဟူးနေ့ နံနက်စောစောပိုင်းက ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းဌာနများတည်ရှိရာ ဝါဇာအက်ကဘာခန်းခရိုင်တွင် ရော့ကက်ဒုံးကျည် ကျရောက်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။ ယင်းပေါက်ကွဲမှုအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ထိခိုက်ဒဏ်ရာရရှိသူကို ဆေးရုံသို့ ပို့ဆောင်ပြီး အာဖဂန်ရဲတပ်ဖွဲ့နှင့် နိုင်ငံတကာ လုံခြုံရေးအကူအညီပေးရေး တပ်ဖွဲ့က အခင်းဖြစ်ပွားသည့် နေရာကို ပိတ်ဆို့လိုက်သည်။ ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မည်သူ့၏ လက်ချက်မှန်း မသိရသေးပေ။

ဆွေးနွေး

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်သည် အာရှအလယ်ပိုင်းနိုင်ငံများသို့ ခရီးထွက်လာရာ အာဖဂန်သမ္မတဟာမစ်ကာဇိုင်းနှင့် နှစ်နိုင်ငံဆိုင်ရာ ပြဿနာများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ်အပါအဝင် ဒေသဆိုင်ရာပြဿနာများ၊ အာဖဂန်နိုင်ငံတွင်း အခြေအနေများကို ဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အီရတ်တွင်သေဆုံးသောကန်တပ်ဖွဲ့ဝင် အောက်တိုဘာ ၁၂ ရက်အထိ ၁၉၆၄ဦးရှိပြီ

ဝါရှင်တန် အောက်တိုဘာ ၁၂

အမေရိကန်စစ်ဘက်က ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို စတင်တိုက်ခိုက်သည့်အချိန်မှ ၂၀၀၅ ခုနှစ် အောက်တိုဘာ၁၂ရက်အထိ ကာလအတွင်း အီရတ်နိုင်ငံတွင် သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၁၉၆၄ ဦးရှိပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းအရ သိရသည်။

ယင်းကိန်းဂဏန်းအနက် ၁၅၂၈ဦးမှာ ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကန်စစ်ဘက် ထုတ်ပြန်ချက်များက ဖော်ပြသည်။ ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားငါးဦး၏ စာရင်းလည်း ပါဝင်သည်။ အေပီသတင်းဌာန၏ ကိန်းဂဏန်းသည် ကန်စစ်ဘက်၏ စာရင်းထက် ၁၀ ဦး ပိုမိုများပြားသည်။

ဆက်လက်ဖြစ်ပွား

အမေရိကန်သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေလတွင် အီရတ်၌ စစ်ပွဲကြီးများ ပြီးဆုံးပြီဖြစ်ကြောင်း ကြေညာခဲ့ချိန်နောက်ပိုင်း ဖြစ်ပွားသော ခုခံတိုက်ခိုက်မှုများအတွင်း သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၈၂၅ ဦးရှိသည်။ ယင်းအနက် ၁၄၁၉ ဦးမှာ ခုခံရေးသမားများ လက်ချက်ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

အင်တာနက်။

နှစ် ၄၀ အတွင်း အကြီးကျယ်ဆုံး မိုးခေါင်မှုဖြစ်ပွားခဲ့သဖြင့် ရေခန်းခြောက်သွားသော ဘရာဇီးနိုင်ငံရှိ အမေဇုန်မြစ်ချိုင့်ဝှမ်းတစ်နေရာကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရထားလမ်းဖျက်ဆီးခိုးယူသူ ၁၅ ဦး မိုဇမ်ဘစ်ရဲတပ်ဖွဲ့က ဖမ်းဆီး

မာပူတို အောက်တိုဘာ ၁၂

မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်းတွင် ရထားလမ်းပစ္စည်းများ ခိုးယူမှု၊ ဖျက်ဆီးမှုနှင့် စပ်လျဉ်း၍ မိုဇမ်ဘစ်ရဲတပ်ဖွဲ့က လူ ၁၅ ဦးကို ဖမ်းဆီးကြောင်းဖြင့် ဒေသခံမီဒီယာသတင်းဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ဖမ်းဆီးမိသူများတွင် မိုဇမ်ဘစ်နိုင်ငံသား ၁၃ ဦး၊ တန်ဇန်နီးယားနိုင်ငံသားတစ်ဦးနှင့် တောင်အာဖရိကနိုင်ငံသားတစ်ဦးတို့ ပါဝင်ကြသည်။

ခိုးယူ

မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်း နမ်ပူလာပြည်နယ်ရှိ စီအက်ဖ်အမ်ကုမ္ပဏီမှ ရထားလမ်းပစ္စည်းနှင့် မိုဇမ်ဘစ်ဆိပ်ကမ်းမှ ပစ္စည်းများ ခိုးယူမှုဖြင့် ၎င်းတို့အား စွပ်စွဲထားသည်။

ဖမ်းဆီး

၎င်းတို့ ဖျက်ဆီးထားသည့် ရထားလမ်းများကို သယ်ဆောင်ရန် အမိုးဖွင့်ကုန်တင်ယာဉ်သုံးစီးနှင့်အတူ ရထားလမ်းဖြတ်တောက်ရန် တန်ဆာပလာပစ္စည်းများကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

ရုံးတင်စစ်ဆေး

ဖော်ပြပါ ရာဇဝတ်မှုကျူးလွန်သူများကို တရားဥပဒေအရ အရေးယူရေးနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က လုပ်ပိုင်ခွင့်ရှိသမျှ လုပ်ဆောင်သွားမည်ဟု ကတိကဝတ်ပြု ပြောကြားသည်။ စီအက်ဖ်အမ်ကုမ္ပဏီကလည်း ရထားလမ်းပစ္စည်းများ ခိုးယူရာတွင် ပါဝင်သူများကို ရုံးတင်စစ်ဆေးသွားနိုင်ရန် တွန်းအားပေးသွားမည်ဟု ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြေရှင်းနိုင်ရေးအတွက် အီတလီအစိုးရထံ ဒေါ်လာ ၁၂ သန်းတောင်းခံထား

ရောမ အောက်တိုဘာ ၁၂

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ အရေးပေါ်အခြေအနေတွင် အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အီတလီခြံမွေးတိရစ္ဆာန်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ယူရိုငွေ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁၂ သန်း) ကို အီတလီအစိုးရထံ တောင်းခံထားကြောင်းဖြင့် အီတလီသတင်းဌာန အန်ဆာက ဖော်ပြသည်။

စောင့်ကြည့်လေ့လာ

အစိုးရထံမှ ငွေကြေးဖြည့်ဆည်းမှုသည် ယင်းရောဂါနှင့်ပတ်သက်၍ စမ်းသပ်မှုများ ပြုလုပ်ရန်နှင့် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရာတွင် အရေးပါကြောင်း ခြံမွေးတိရစ္ဆာန်သုတေသနဌာနက ထုတ်ဖော်ပြောကြားသည်။

အီတလီနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလာဖွယ်ရှိပြီး ယင်းကိစ္စ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ရည်ရွယ်၍ ဝန်ကြီးအဖွဲ့အမိန့်ကို ပါလီမန်က လျင်မြန်စွာ ထောက်ခံရန် အီတလီ ကျန်းမာရေးဝန်ကြီး ဖရန်ဆက်စကိုစတော်ရေ့စ်က တိုက်တွန်းပြောကြားခဲ့ပြီးသည့်နောက် ယင်းသို့ငွေကြေးတောင်းခံမှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့တစ်ဝန်းတွင် ယင်းရောဂါနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်နေကြကြောင်း၊ ယင်းရောဂါဖြစ်ပွားမှုနှင့် ရင်ဆိုင်ရသည့်အခါ ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်၍ အစီအစဉ်များ စတင်ချမှတ်ဖော်ဆောင်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး ယုံကြည်စိတ်ချစေရန် မိမိတို့လိုလားသည်ဟု ဝန်ကြီးက ပြောကြားသည်။

တိုးမြှင့်ချထား

အီတလီအစိုးရက ကြက်ငှက်တိရစ္ဆာန်များ ပြည်ပမှ တင်သွင်းမှုနှင့် စပ်လျဉ်း၍ နယ်စပ်ဒေသ ထိန်းချုပ်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန် စီစဉ်နေပြီး စားနပ်ရိက္ခာမှောင်ခိုရောင်းဝယ်မှု နှိပ်ကွပ်ကာ စားနပ်ရိက္ခာနှင့် ကျန်းမာရေးထိန်းချုပ်ရေးဌာနမှ ဝန်ထမ်းအင်အားကိုလည်း တိုးမြှင့်ချထားမည်ဖြစ်သည်။

အီတလီဝန်ကြီးအစည်းအဝေး၏ အမိန့်အရ ကြက်ငှက်တုပ်ကွေးထိုးဆေး ၃၅ သန်း ဝယ်ယူရန်အတွက် ယူရိုငွေသန်း ၅၀ သီးခြားအရန်ထားရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်ငလျင် အသက်မသေဘဲ ကျန်ရစ်သူ လူငယ်တစ်ဦးအား ကယ်တင်နိုင်

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၂

အင်အားပြင်းထန်သည့် မြေငလျင် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် လှုပ်ရှားခဲ့မှုကြောင့် မြို့၏ ဆယ်ထပ်မျှော်စင်အဆောက်အအုံ စနေနေ့နံနက်က ပြိုကျခဲ့ပြီးသည့်နောက် ၃၆ နာရီအကြာတွင် ကယ်ဆယ်ရေးအဖွဲ့က ယင်းအဆောက်အအုံ၏ အပျက်အစီးအောက်မှ အသက်မသေဘဲ ကျန်ရှိနေသည့် လူငယ်တစ်ဦးအား စနေနေ့ညနေက ကယ်တင်ခဲ့နိုင်ကြောင်းဖြင့် ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းလူငယ်သည် အက်စ်ယူဘိတ်ဆိုသူဖြစ်ပြီး ပြိုကျခဲ့သည့် အပျက်အစီးပုံအောက်မှဘေးမသီရန်မခဘဲကယ်ဆယ်ရေးအဖွဲ့က ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ အစ္စလမ္မာဘတ်မြို့တွင် အထပ် ၁၀ ထပ်ရှိ မာဂယ်လာ မျှော်စင်အဆောက်အအုံ၏ အပျက်အစီးအောက်တွင် ပိတ်မိခဲ့သူများ၏ သူငယ်ချင်းများနှင့် ဆွေမျိုးသားချင်းများက ၎င်း လူငယ်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ဟု ဒေသခံသတင်းများအရ သိရှိရသည်။

၎င်း၏ဆွေမျိုးသားချင်းများကိုအပျက်အစီးကြားမှ ပြန်လည်ကယ်တင်နိုင်ရေး မျှော်လင့်ချက်များမှာ ကုန်ဆုံးနေပြီဖြစ်သည်။

၎င်းလူငယ်ကို အပျက်အစီးကြားမှ ကယ်တင်နိုင်ခဲ့သည့်အတွက် အခင်းဖြစ်ပွားရာနေရာတွင် ရာချီ၍ ရှိသည့် လူများကချီးကျူးသြဘာပေးခဲ့ကြသည်။

အသက် ၁၅ နှစ်ရှိ အခြားလူငယ်တစ်ဦးသည်လည်း မြေငလျင်လှုပ်ပြီး ၂၄ နာရီအတွင်း အပျက်အစီး အောက်မှ စောစောပိုင်းအချိန်က ကယ်တင်နိုင်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



တရုတ်နိုင်ငံ၏ ရှင်ကျိုးအမည်ရှိ လူလိုက်ပါသောအာကာသယာဉ်အား ဂိုဗီကန္တာရ လွှတ်တင်ရေး စခန်းမှ လွှတ်တင်လိုက်သည်ကို အောက်တိုဘာ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် မြောက်ပိုင်းဒေသ၌ ဝင်ရောက်ရှာဖွေ ဖောက်ခွဲရေးပစ္စည်းများ၊ ဗုံးလုပ်သည့် ကိရိယာများတွေ့ရှိ

ဒါကာ အောက်တိုဘာ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုများ အစီအရီဖြစ်ပွားခဲ့ပြီး ယင်းကိစ္စအား နောက်ယောင်ခံနေသည့် ရဲတပ်ဖွဲ့က နိုင်ငံ၏မြောက်ပိုင်းရှိ အကြမ်းဖက်သမားများ ပုန်းအောင်းရာဟု ယူဆရသည့်နေရာကို ဝင်ရောက်စီးနင်း ရှာဖွေခဲ့ရာ ဖောက်ခွဲရေးပစ္စည်းများနှင့် ဗုံးပြုလုပ်သောပစ္စည်းများ ဖမ်းဆီးမိခဲ့ကြောင်းဖြင့် ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရက်ရှ်ရှာဟီမြို့ရှိ အကြမ်းဖက်သမားများ ပုန်းအောင်းရာဟု ယူဆရသည့် နေအိမ်တွင် နေထိုင်သူများသည် ဝင်ရောက်စီးနင်းမှုမပြုမီက ထွက်ပြေးခဲ့ကြသဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှဖမ်းမိခဲ့ခြင်းမရှိဟု ရဲအရာရှိကဆိုသည်။

ဖမ်းဆီးရရှိ

အဆိုပါ သင်္ကာမကင်းဖြစ်ရသည့် အုပ်စုတစ်စုအား လွန်ခဲ့သည့် ရက်သတ္တပတ်က ဖမ်းဆီးရရှိခဲ့ပြီးနောက် ယင်းသို့ ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်သည်ဟု ၎င်းရဲအရာရှိက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်တွင် ဗုံးပေါက်ကွဲမှု၏ နောက်ကွယ်မှ ကြိုးကိုင်ခဲ့သူများသည် ဒီမိုကရေစီနှင့်အစ္စလမ္မစ်ရန်သူများ ဖြစ်ကြောင်းနှင့် တိုင်းပြည်မငြိမ်မသက်ရန် ကြိုးပမ်းမှုကြောင့် ၎င်းတို့အား ပြစ်ဒဏ်ခတ်ရမည်ဟုကတိပြုပြောကြားခဲ့ပြီး နောက်တစ်နေ့တွင်ဖော်ပြပါအတိုင်းဝင်ရောက်စီးနင်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဗုံးဖောက်ခွဲသူများ ဖမ်းမိနိုင်ရေးအတွက် မိမိတို့ အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်သွားမည်ဟု ထောက်လှမ်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗီယက်နမ် အိုင်စီတီလုပ်ငန်းများ တိုးတက်လျက်ရှိ

ဟနွိုင် အောက်တိုဘာ ၁၂

ဗီယက်နမ်နိုင်ငံတွင် သတင်းအချက်အလက်နည်းပညာနှင့်ဆက်သွယ်ရေး (အိုင်စီတီ)လုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီ နှစ်စဉ်တိုးတက်မှုနှုန်း ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းကြား တိုးမြှင့်ရန်အတွက်လည်းကောင်း၊ အဆိုပါနှစ်နောက်ပိုင်း၌ ၂၀ ရာခိုင်နှုန်းကျော် တိုးမြှင့်ရန်တို့အတွက် လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို ကိုးကား၍ သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ယုံကြည်

၂၀၁၀ ပြည့်နှစ်မတိုင်မီ ဒေသဆိုင်ရာ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ စီမံကိန်းနောက်ပိုင်း ၂၀၂၀ ပြည့်နှစ်တွင်လည်း ဆက်လက်တိုးတက်မှု ရှိမည်ဟု အစိုးရက ယုံကြည်သည်။ အိုင်စီတီလုပ်ငန်းမှဝင်ငွေသည် ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံမှ ခုနစ်ဘီလီယံအထိ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံသို့လည်းကောင်း ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ အီး-ကော်မားစ်နှင့် အီး-ဂါးဗားမင့် အပါအဝင် ဆက်သွယ်ရေးနည်းပညာများကို လာမည့်နှစ်များအတွင်း ပိုမိုတွင်ကျယ်စွာအသုံးပြုလာမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ကျေးရွာဒေသများ ပါမကျန် အိုင်စီတီနည်းပညာများကို ၂၀၁၀ ပြည့်နှစ်မတိုင်မီအတွင်းအဖိုးနှုန်း သက်သာပြီး အရည်အသွေး မြင့်မားစွာ သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။ အဆိုပါနှစ်မတိုင်မီ လူဦးရေ ၁၀၀ လျှင် တယ်လီဖုန်း သုံးစွဲသူ ၃၂ ဦးမှ ၄၂ဦးအထိလည်းကောင်း၊ တစ်ကိုယ်ရေသုံးကွန်ပျူတာသုံးစွဲသူ ၁၀ဦး၊ အင်တာနက်သုံးစွဲသူ ရှစ်ဦးမှ ၁၂ ဦး၊ ထိုအထဲမှ မြန်နှုန်းမြင့် အင်တာနက် အသုံးပြုသူ ၃၀ ရာခိုင်နှုန်းရှိမည် ဖြစ်သည်ဟု ဆိုသည်။

ဒေါ်လာ ၆၈၅ သန်းရရှိ

ဗီယက်နမ်နိုင်ငံ၏ သတင်းဆိုင်ရာနည်းပညာလုပ်ငန်း(အိုင်တီ)သည်မကြာသေးမီနှစ်များအတွင်း လျင်မြန်စွာ တိုးတက်လာခဲ့သည်။ အဆိုပါလုပ်ငန်းသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၈၅သန်းရရှိခဲ့ပြီး ၂၀၀၃ခုနှစ်ကထက် ၃၃ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ခြင်းဖြစ်သည်။

တိုးမြှင့်

အထူးသဖြင့် ဟာ့ဒ်ဝဲဈေးကွက်တွင် ၃၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဆော့ဖ်ဝဲနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ၃၃ဒသမ ၃ရာခိုင်နှုန်းအသီးသီးတိုးမြှင့်ခဲ့သည်ဟု ဟိုချီမင်းမြို့ကွန်ပျူတာအသင်း၏ပြောကြားချက်အရ သိရှိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရန်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်မည် ရုရှားထံမှ ပူးပေါင်းဆောင်ရွက်မှုရရန် အီရန်ကြိုးပမ်း

တီဟီရန် အောက်တိုဘာ ၁၂

အီရန်နိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံများ ဆောက်လုပ်နိုင်ရေးအတွက် အီရန်အစိုးရက ရုရှားအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်းဖြင့် မီဟာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အီရန်နိုင်ငံတွင်ဘာရှီးယားနျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက နောက်ထပ် နျူကလီးယားဓာတ်အားပေးစက်ရုံ အများအပြား ဆောက်လုပ်နိုင်ရန်အတွက် ရုရှားနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုရန် စီစဉ်နေသည်ဟု ရုရှားဆိုင်ရာ အီရန်သံအမတ်ကြီး အန်ဆာရီအား ကိုးကား၍ မီဟာသတင်းဌာနက ဖော်ပြသည်။

ပထမဆုံးဆောက်လုပ်

ဘာရှီးယားနျူကလီးယားဓာတ်အားပေးစက်ရုံသည် ရုရှားအကူအညီဖြင့် ဘာရှီးယားကမ်းရိုးတန်း ပြည်နယ်တွင် ပထမဆုံး ဆောက်လုပ်ခဲ့သည့် စက်ရုံဖြစ်သည်ဟု အန်ဆာရီက ပြောကြားသည်။

အီရန်နှင့် ရုရှားတို့၏ နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သည် အလားအလာ ကောင်းမွန်ပြီး ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားရမည်ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

ဆွေးနွေး

ထိုအတောအတွင်း အီရန်နှင့် ရုရှားနှစ်နိုင်ငံ၏ ဆက်ဆံရေး ခိုင်ခိုင်မာမာဖွံ့ဖြိုးမှုရရှိစေရန် ဆုံးဖြတ်ထားကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် နားလည်မှုအပေါ် အခြေပြု၍ ဆွေးနွေးကြကြောင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အထင်ကရ ပြဿနာများအပေါ် တူညီသည့် သဘောထားများ ရှိနေကြောင်း စသည်ဖြင့် အန်ဆာရီက ထပ်လောင်းပြောကြားသည်။

ဆုံးဖြတ်ထား

အီရန်တွင် မကြာမီ တည်ဆောက်တော့မည့် နျူကလီးယားဓာတ်အားပေးစက်ရုံသစ်နှစ်လုံး ဆောက်လုပ်ရေးအတွက် နိုင်ငံတကာမှ လျှောက်လွှာခေါ်ယူရန် ဆုံးဖြတ်ထားသည်ဟု အီရန်အဏုမြူ စွမ်းအင်အဖွဲ့ ဒုတိယ အကြီးအကဲဖြစ်သူ မိုဟာမက်ဆိဒီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံတွင် ငလျင်လှုပ်ပြီးနောက် မူဇာဖာရာဘတ်မြို့မှ ဒဏ်ရာရရှိသူတစ်ဦးအား ကယ်ဆယ်ရေးဆောင်ရွက်သူများက ဝိုင်းဝန်းသယ်ဆောင်လာကြသည်ကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ရုရှားက ပါကစ္စတန်သို့ ကယ်ဆယ်ရေးပစ္စည်းများပေးပို့

မော်စကို အောက်တိုဘာ ၁၂

ဆေးရုံအဖြစ် ရွှေ့ပြောင်းအသုံးပြုနိုင်သည့် မော်တော်ယာဉ်တွဲကို တင်ဆောင်ကာ ရုရှားနိုင်ငံမှ အီလူးရှင်း ၇၆ ကုန်တင်ဂျက်လေယာဉ်တစ်စီးသည် ပါကစ္စတန်နိုင်ငံသို့ ပျံသန်းသွားပြီဖြစ်ကြောင်း၊ ယင်းနိုင်ငံတွင် ရက်သတ္တပတ်ရက်အားအတွင်း မြေငလျင် အကြီးအကျယ်လှုပ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်းဖြင့် အီတာတာ့စ် သတင်းဌာန၏ သတင်းအရ သိရှိရသည်။

အဆိုပါ လေယာဉ်သည် မော်စကိုမြို့အနီးရှိ ရာမန်စကိုယီလေဆိပ်မှ ပျံသန်းလာကာ အစ္စလမ္မာဘတ်မြို့သို့ ဦးတည်ပျံသန်းသွားသည်။

အကူအညီပေး

မြေငလျင်လှုပ်ခဲ့ပြီးနောက် ပါကစ္စတန်တွင် အရေးပေါ်ဌာနဖွဲ့စည်းခဲ့ရာ ရုရှားက ပါကစ္စတန်သို့ တတိယအကြိမ်အဖြစ် ကယ်ဆယ်ရေးပစ္စည်းများ လေကြောင်းမှ သယ်ဆောင်ကာ အကူအညီပေးခဲ့ခြင်းဖြစ်သည်။

အစ္စလမ္မာဘတ်မြို့တော်သို့ ယခုလေကြောင်းမှ အကူအညီပေးပို့ခဲ့ရာတွင် ကယ်ဆယ်ရေးလုပ်သား ၂၀ ပါ အဖွဲ့တစ်ဖွဲ့နှင့် ဆေးဘက်ဝန်ထမ်း ၄၃ ဦးပါ အဖွဲ့တစ်ဖွဲ့တို့ ပါဝင်ကြသည်။ ယင်းဝန်ထမ်းများ ပါကစ္စတန်သို့ ရောက်ရှိပါက ကယ်ဆယ်ရေးအဖွဲ့တွင် လူ ၁၀၀ အထိ ရှိလာမည်ဖြစ်သည်။

ရောက်ရှိလာ

ကယ်ဆယ်ရေးလုပ်သား အုပ်စုတစ်စုနှင့် ပြဿနာဖြေရှင်းရေးမန်နေဂျာ ၃၆ ဦး ပါဝင်သည့် အုပ်စုတစ်စုသည် အစ္စလမ္မာဘတ်သို့ တနင်္ဂနွေနေ့ညက ရောက်ရှိလာခဲ့ပြီး အစ္စလမ္မာဘတ်မြို့မြောက်ပိုင်း ၉၃ ကီလို မီတာအကွာရှိ မူဇာဖာရာဘတ်မြို့သို့ သွားရောက်ကြသည်။

ဆေးရုံအဖြစ် ရွှေ့ပြောင်းအသုံးပြုနိုင်သည့်ယာဉ်တွဲကို မူဇာဖာရာဘတ်မြို့တွင် ထားရှိမည်ဖြစ်သည်။

ရုရှားက ကူညီပေးပို့သည် ပစ္စည်းများတွင် ခေါင်းအုံး၊ မွေ့ရာ၊ အိပ်ရာခင်း၊ ခုတင်များနှင့် လူ ၃၀ ခန့် နေထိုင်နိုင်သည့်တဲများ ပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

မျောက်ကို ချစ်ပြား ချူဆွဲမှားသို့

ဟိန်းထက်ခိုး

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်မှုများဖြင့် ရဟန်းရှင်လူ ပြည်သူများစွာ၏ အသက်အိုးအိမ် စည်းစိမ်များအား သတ်ဖြတ်ဖျက်ဆီးခဲ့ကြသည့်၊ သတ်ဖြတ်ဖျက်ဆီးနေဆဲဖြစ်သည့် NCUB, NCGUB,FTUB,ABSDF, SSA-S,VBSW အမည်ခံ အကြမ်းဖက်ဂိုဏ်းများသည် မြန်မာ–ထိုင်း နှစ်နိုင်ငံနယ်စပ်ဒေသများနှင့် အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့တွင် မှီခိုကပ်ရပ်နေထိုင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို ပျက်စီးစေရန် ယင်းတို့၏ ဆရာကြီးအချို့၏ အကူအညီဖြင့် လုပ်ကြံဖန်တီးလျက်ရှိကြသည်။

ယင်းတို့၏ အဖျက်လုပ်ရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပေါ်ထွန်းရေးအတွက် နိုင်ငံရေးနည်းလမ်းအရ လှုပ်ရှားဆောင်ရွက်နေခြင်းဖြစ်သည်ဟု နိုင်ငံတကာနယ်ပယ်တွင် အသံကောင်းဟစ်လျက်ရှိသည်။ စင်စစ်မှာ နိုင်ငံတကာ နယ်ချဲ့ကိုလိုနီလက်သစ်တို့၏ ပံ့ပိုးမှု၊ ကူညီမှုများ၊ ထောက်ခံပွဲထုတ်မှုများဖြင့် ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်နှင့် လက်အောက်ခံအဖွဲ့အစည်းအချို့အတွင်း ဝင်ရောက်ပူးကပ်ပြီး မြန်မာနိုင်ငံအား နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးနိုင်ရန် လှုပ်ရှားနေခြင်းသာဖြစ်သည်။

အထူးသဖြင့် သူတော်ချင်းချင်း သီတင်းလွှဲလွှဲ ပေါင်းဖက်တွေ့ဆိုသကဲ့သို့ နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်တို့၏ အခိုင်းခံ၊ ဩဇာခံနိုင်ငံရေးသမားများ၊ ပါလီမန်အမတ်ဆိုသူများနှင့် တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်း ပူးပေါင်းကြံစည်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် နိုင်ငံတကာမှ ပါဝင်ပတ်သက် စွက်ဖက်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ပြဋ္ဌာန်းရန်ကိုလည်းကောင်း၊ အာဆီယံအဖွဲ့မှ ထုတ်ပယ်ရန်ကိုလည်းကောင်း လုပ်ကြံလှုံ့ဆော်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် မြန်မာအစိုးရအား နိုင်ငံရေး၊ စီးပွားရေးအရ အနိုင်ကျင့် ဖိနှိပ်စွက်ဖက်ခြယ်လှယ်ရေးအတွက် နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်များ၏ အစီအမံများ၊ လမ်းညွှန်မှုများဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းတွင် လည်းကောင်း၊ အာဆီယံအဖွဲ့တွင်လည်းကောင်း၊ I.L.Oတွင်လည်းကောင်း မြန်မာနိုင်ငံမှ ပြည်ပြေး၊ ဝရမ်းပြေး၊ အကြမ်းဖက်သမားများက ဝင်ရောက်ပူးကပ်ဆက်သွယ်ပြီး လုပ်ကြံလှုံ့ဆော်လျက်ရှိသော အကြောင်းပြချက်များမှာလည်း မည်သို့မျှ အခြေအမြစ်မရှိသော၊ အထောက်အထားမဲ့သော အကြောင်းအရာများသာ ဖြစ်နေခဲ့သည်။

အထူးသဖြင့် ချက်သမ္မတဟောင်း မစ္စတာဗာကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးတို့၏ **"ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း"** အစီရင်ခံစာ ပေါ်ထွက်လာမှုနှင့်အတူ အာဆီယံနိုင်ငံပါလီမန်အမတ်များဟူသော အုပ်စုတစ်စုက အာဆီယံအဖွဲ့မှ မြန်မာနိုင်ငံအား ထုတ်ပယ်ရန် တောင်းဆိုခြင်းစသည့် အစီရင်ခံစာများ၊ တောင်းဆိုချက်များသည် ကြောင်းကျိုးမဲ့စွာ အပြုသဘောမဆောင်သည့် အဆိုးမြင်ဝါဒဖြင့် သိက္ခာအမဲ့ဆုံး၊ အဆိုးရွားဆုံး ပုံဖော်လုပ်ကြံဖန်တီးမှုပင်ဖြစ်သည်။

အကြောင်းမှု ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း အစီရင်ခံစာတွင် လုပ်ကြံစွပ်စွဲထားသည့် ကလေးသူငယ်ပေါင်း ၇၀၀၀၀ ကို တပ်မတော်အတွင်း အတင်းအဓမ္မဝင်ရောက်စေခိုင်းသည်ဟူသော စွပ်စွဲချက်သည် အစိုးရမဟုတ်သော NGO အမည်ခံ နယ်ချဲ့သူလျှို အဖွဲ့အစည်းတစ်ခုက ပြည်ပြေး၊ ဝရမ်းပြေး၊ တပ်ပြေး ၂၀ ခန့်နှင့် ပူးပေါင်းကြံစည်ထားသည့် လုပ်ကြံဖန်တီးမှုဖြစ်သည်။ ထို့အတူ တရားမဝင် မူးယစ်ဆေးဝါး ကုန်ကူးသည်ဟူသော စွပ်စွဲချက်မှာလည်း ပကတိအခြေအနေမှန်နှင့် ဆန့်ကျင်ကွဲလွဲလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအနေဖြင့် ကိုယ်ပိုင်စွမ်းအားဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းကို အမျိုးသားရေးလုပ်ငန်းအဖြစ် ကြိုးပမ်းဆောင်ရွက်နေသည်ကို မျက်ကွယ်ပြု ဥပေက္ခာရှုထားခြင်းဖြစ်သည်။ စင်စစ်ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၇၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဖော်ပြထားသကဲ့သို့ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၆၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံရှိ သံတမန်များ၊ အများပြည်သူများရှေ့တွင် ၁၉ ကြိမ်တိုင် မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ ယင်းအပြင် မြန်မာနိုင်ငံ ဒေသအချို့အား ဘိန်းလုံးဝကင်းစင်သည့် ဒေသများအဖြစ် ကြေညာနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးလုံးဝကင်းစင်သည့် မဟာမဲခေါင်ဒေသခွဲ ဖြစ်လာစေရန် ဒေသခွဲအတွင်း နိုင်ငံခြောက်နိုင်ငံနှင့်လည်း နားလည်မှုစာချွန်လွှာ ရေးထိုးဆောင်ရွက်နေပြီဖြစ်သည်။

အလားတူပင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများကို ချိုးဖောက်နေသည်ဟူသော အပ်ကြောင်းထပ် ဓာတ်ပြားကွဲအသံများဖြင့် လုပ်ကြံစွပ်စွဲမှုများမှာလည်း မြန်မာနိုင်ငံအပေါ် မလိုမုန်းထား မစ္ဆေရပွားသောသဘောထားများသာ ဖြစ်သည်။ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ ရိုးရာဓလေ့အစဉ်အလာ မြန်မာမှုအရ "အိမ်မိုးချင်းဆက်၊ ရပ်ကွက်တူနေ၊ သူသေငါပို့"ဟူသော အစဉ်အလာနှင့်အညီ ရပ်ရေး၊ ရွာရေး၊ မြို့ရေး၊ နယ်ရေး၊ လူမှုရေးများဖြစ်သော လူရေးတန်းရေး၊ ဒါနရေးမှသည် နာရေးအထိ ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြသကဲ့သို့ လမ်းဖောက်ခြင်း၊ ကန်ဆည်ခြင်း၊ ဘုရားပုထိုး၊ ကျောင်းကန်ဇရပ်၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း လမ်းအလိုက်၊ ရွာအလိုက်၊ ရပ်ကွက်၊ မြို့နယ်အလိုက် စေတနာဖြင့် စုပေါင်းဝိုင်းဝန်းပြီး ဆောင်ရွက်ခြင်းများရှိပြီးဖြစ်ရာ ယင်းကို အဓမ္မလုပ်အားစေခိုင်းမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုဟု စွပ်စွဲနေခြင်းမှာ အနောက်လူမှုဓလေ့စံနှုန်းနှင့် တရားသေနှိုင်းယှဉ်ပုတ်ခတ်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် မြန်မာအစိုးရအား နိုင်ငံရေး၊ စီးပွားရေးအရ အနိုင်ကျင့် ဖိနှိပ် စွက်ဖက်ခြယ်လှယ်ရေးအတွက် နိုင်ငံတကာ နယ်ချဲ့ကိုလိုနီလက်သစ်များ၏ အစီအမံများ၊ လမ်းညွှန်မှုများဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းတွင် လည်းကောင်း၊ အာဆီယံအဖွဲ့တွင်လည်းကောင်း I.L.O တွင် လည်းကောင်း မြန်မာနိုင်ငံမှ ပြည်ပြေး၊ ဝရမ်းပြေး၊ အကြမ်းဖက်သမားများက ဝင်ရောက်ပူးကပ်ဆက်သွယ်ပြီး လုပ်ကြံလှုံ့ဆော်လျက်ရှိသော အကြောင်းပြချက် များမှာလည်း မည်သို့မျှအခြေအမြစ်မရှိသော၊ အထောက်အထားမဲ့သော အကြောင်းအရာများသာ ဖြစ်နေခဲ့သည်။

ယင်းအပြင် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူတို့သည် အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်၏ အဆင့်(၇)ဆင့်ပါ မူဝါဒလမ်းစဉ်ကို ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိရာ လက်ငင်းကာလတွင် လမ်းစဉ်(၇)ဆင့်၏ အခြေခံအုတ်မြစ်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။ ညီလာခံတွင် တိုင်းရင်းသားကိုယ်စားလှယ် ၆၀ ရာခိုင်နှုန်းအပါအဝင် ပါတီစုံကိုယ်စားလှယ်များ၊ အရွေးချယ်ခံ ကိုယ်စားလှယ်များနှင့် လူထုလူတန်းစား အလွှာစုံ (ရှစ်)ရပ်မှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမူများကို ညီညွတ်တက်ကြွစွာ ညှိနှိုင်းဆွေးနွေး ချမှတ်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် မြန်မာအစိုးရသည် ဒီမိုကရေစီဖြစ်ထွန်းရေးကို နိုင်ငံရေးဈေးခေါ်ပစ္စည်းအဖြစ် မကြွေးကြော် မအော်ဟစ်ဘဲ လက်တွေ့ကျကျ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထိုအချိန် ထိုကာလတွင် အာဆီယံ ပါလီမန်အမတ်ဆိုသူ နိုင်ငံရေးသမားအချို့ကလည်း သခွတ်ပင်မှ မီးတကျည်ကျည်လုပ်ကာ NLD မှ ပါတီခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေးကို မြန်မာအစိုးရက လက်မခံပါက မြန်မာနိုင်ငံအား အာဆီယံအဖွဲ့မှ ထုတ်ပယ်ရန် ယင်းတို့၏ နိုင်ငံအစိုးရများအား အကျပ်ကိုင် ဖိအားပေးလှုံ့ဆော်လျက်ရှိသည်။ ယင်းတောင်းဆိုချက်သည် မရောင်ရာနန္ဒင်းလူးသကဲ့သို့ ဖြစ်နေသည်။ အာဆီယံ၏ အခြေခံမူပြဋ္ဌာန်းချက်တွင် **"အာဆီယံအဖွဲ့အတွင်းရှိ နိုင်ငံများသည် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက မစွက်ဖက်ရ"** ဟူ၍ အတိအလင်း ပြဋ္ဌာန်းထားသကဲ့သို့ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းတွင်လည်း **"အဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားအသိအမှတ်ပြုရေး၊ မကျူးကျော်ရေး"** ကို အခိုင်အမာပြဋ္ဌာန်းထားပြီးဖြစ်သည်။

အမှန်အားဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို လိုသလိုကွက်၍ မသုံးသပ်ဘဲ စဉ်ဆက်မပြတ် ဆက်စပ်လေ့လာ ဆန်းစစ်သင့်သည်။ နိုင်ငံတော်အစိုးရက ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် ဦးတည်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအရ ပါတီများဖွဲ့စည်းခွင့်ပေးခဲ့ပြီး ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပခဲ့ခြင်းသည် ဖြစ်ရပ်မှန်ပင် ဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပပြီးနောက် ကြေညာချက် (၁/၉၀)အရ နိုင်ငံတော်၏ အနာဂတ်သမိုင်းကြောင်းအား တည်ငြိမ်အေးချမ်းစွာ တည်ဆောက်ကြရန် နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးပါတီများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သော်လည်း NLD က မာန်မာနကြီးစွာဖြင့် **"မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူး"**ဟု တင်းမာစွာ ငြင်းပယ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ခေါ်ယူရေးနှင့် အာဏာလွှဲပြောင်းရေးသည် ပထမ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးသည် ဒုတိယဟူသော ကြွေးကြော်သံကို ကိုင်စွဲလှုပ်ရှားခဲ့သည်မှာလည်း သမိုင်းသက်သေအထင်အရှားရှိထားပြီးဖြစ်သည်။ စင်ပြိုင်အစိုးရအဖွဲ့ကို အနောက်အုပ်စုနိုင်ငံခြားသံရုံးတစ်ရုံးတွင် အခြေခံပြီး ဖွဲ့စည်းရန် လျှို့ဝှက်ပြင်ဆင်ကြိုးပမ်းခဲ့ခြင်းတို့ကို NLD လုပ်ဆောင်ခဲ့သည်မှာလည်း ဖုံးကွယ်၍မရသော ကိစ္စဖြစ်သည်။ နိုင်ငံတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ NLD က ကနဦးအစပိုင်း၌ တက်ရောက်ခဲ့သော်လည်း ညီလာခံကျင်းပဆဲမှာပင် ကိုလိုနီဆရာကြီးများ၏ ညွှန်ကြားချက်အတိုင်း လိုက်လုပ်ပြီး ၎င်းတို့သဘော ၎င်းတို့ဆောင်ကာ ညီလာခံကို ဆန့်ကျင်ကျောခိုင်းခဲ့ကြသည်မှာ မေ့ပျောက်၍ရသော လုပ်ရပ်မဟုတ်ပေ။

ယင်းနောက် တရားဥပဒေမဲ့စွာ မင်းမဲ့ဝါဒဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟူသော တရားမဝင်အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းပြီး ရက်ပေါင်း ၆၀ အတွင်း လွှတ်တော်ခေါ်ပေးရမည်ဟူ၍ နိုင်ငံတော်အစိုးရအား ရာဇသံပေးခဲ့သည်မှာလည်း ၎င်းတို့၏ ထိပ်တိုက်ရင်ဆိုင်ရေးလုပ်ရပ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့သည်။ ၎င်းတို့သည် မည်သည့်နိုင်ငံတွင်မျှ အစဉ်အလာမရှိခဲ့ဖူးသော ပြည်သူ့လွှတ်တော်မရှိဘဲ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့သည့်အပြင် နိုင်ငံတော်အစိုးရက ချမှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို အတည်မပြုနိုင်ဟူ၍ လည်းကောင်း၊ အသိအမှတ်မပြုဟူ၍လည်းကောင်း ကြေညာချက်များ ထုတ်ပြန်ခြင်းဖြင့် နိုင်ငံတော်အစိုးရအား ဆန့်ကျင်ခဲ့ကြသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရသည် ယင်းအခြေအနေများအား စိတ်ရှည်သည်းခံစွာ ညင်ညင်သာသာဖြင့်သာ ထိန်းသိမ်း ဖြေရှင်းခဲ့ကြောင်း သက်သေသာဓက များစွာရှိထားသည်။

ယင်းအခြေအနေအရပ်ရပ်ကို ပကတိအရှိတရားအတိုင်း လေ့လာဆန်းစစ်ခြင်းမရှိဘဲ ပြည်ပြေး၊ ဝရမ်းပြေး၊ အကြမ်းဖက်သောင်းကျန်းသူများက ပေးသမျှသတင်း၊ ပို့သမျှစာရင်းများကို အတည်ပြုပြီး မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရကို အဆိုးမြင်သဘောထားဖြင့် လုပ်ကြံစွပ်စွဲပုတ်ခတ်နေသော အနောက်အုပ်စု နိုင်ငံကြီးအချို့နှင့် အာဆီယံပါလီမန်အမတ်ဆိုသူ နိုင်ငံရေးသမားများအပါအဝင် နိဘာယလ်ဆုရ ပုဂ္ဂိုလ်များသည် မိမိတို့၏ သိက္ခာနှင့် အစဉ်အလာများအရ မိမိတို့၏ ရပ်တည်ချက်သဘောထားကို ပြန်လည်ဆင်ခြင်၍ အမှန်တရားကို မြင်သင့်ပြီဟု ဆိုချင်သည်။

စင်စစ် မြန်မာ–ထိုင်း နယ်စပ်ဒေသနှင့် အနောက်ဥရောပ နိုင်ငံကြီးအချို့တွင် မှီခိုကပ်ရပ်နေကြသော ဒီမိုကရေစီလိုလားသူများအမည်ခံ NCUB,NCGUB, FTUB, ABSDF, SSA-S,VBSW စသည့် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများသည် မြန်မာနိုင်ငံတွင်း၌ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်ဖောက်ခွဲဖျက်ဆီး သတ်ဖြတ်မှုများကျူးလွန်နေခြင်း၊ မြန်မာ–ထိုင်း လေကြောင်းလိုင်းမှ လေယာဉ်များအား ပြန်ပေးဆွဲခြင်း၊ နိုင်ငံ့ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့ခြင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးအား ပါဆယ်ဗုံးဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့ရာ အပြစ်မဲ့ ပညာရေးဝန်ထမ်း တက္ကသိုလ်ဆရာမတစ်ဦး အသက်ဆုံးရှုံးရခြင်း၊ အာဆီယံအသင်းဝင် မြန်မာနိုင်ငံ သံရုံးအချို့ကို ဗုံးခွဲဖျက်ဆီးရန် ကြံစည်ခဲ့ခြင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို စီးနင်းတိုက်ခိုက်ခြင်း၊ ထိုင်းနိုင်ငံ ရာ့ချ်ဘူရီဆေးရုံကို စီးနင်းတိုက်ခိုက်ခြင်းတို့အပြင် နောက်ဆုံး မြန်မာနိုင်ငံ ရန်ကုန်မြို့ပေါ်ရှိ ဒဂုံစင်တာ၊ Junction-8၊ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတို့အား ဗုံးခွဲဖျက်ဆီးသတ်ဖြတ်ခြင်းတို့ကို အကြမ်းဖက် ကျူးလွန်ခဲ့ကြသူများ ဖြစ်ကြသည်။

မျက်မှောက် နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာပြည်သူတို့၏ ဘုံရန်သူသည် အကြမ်းဖက်သမားများသာ ဖြစ်သကဲ့သို့ အကြမ်းဖက်ဝါဒသည် ဒီမိုကရေစီနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဆန့်ကျင်လျက်ရှိရာ ဒီမိုကရေစီလိုလားကြသော အင်အားကြီးနိုင်ငံများ၊ နိုင်ငံရေးသမားများ၊ ထင်ရှားသော ပုဂ္ဂိုလ်များသည် NCUB, NCGUB, FTUB, ABSDF, SSA-S, VBSW အမည်ခံ အကြမ်းဖက် အဖျက်သမားများ ပြောသမျှယုံ၊ ပေးသမျှသတင်း အတည်ပြု၊ ပို့သမျှစာရင်း မစိစစ်ဘဲ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပုတ်ခတ်နေခြင်းသည် **"မျောက်ကို ချစ်ပြား ချူဆွဲမှားသို့"**အဖြစ်မျိုးနှင့်တိုးပြီး အကျိုးမဲ့၊ သိက္ခာမဲ့ကြမည့် အရေးသာဖြစ်ကြောင်း သတိပေးလိုက်ရပါသည်။ ။

မျက်ခမ်းစပ်ရောဂါ ပြန်လည်ဦးမော့မလာစေရန် စောင့်ကြပ်ထိန်းသိမ်း မျက်စိကွယ်စေသော အဓိကရောဂါများကို နှစ်စဉ်တိုးတက်ကုသပေးနေ

ရန်ကုန် အောက်တိုဘာ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၅ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနမှူးများမှ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဌာနေကိုယ်စားလှယ် Dr. Adik Wibowo နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စတင်ကြေညာဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် အောက်တိုဘာလ ဒုတိယပတ် ကြာသပတေးနေ့ကို ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အဖြစ် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများက ကျင်းပရန် သတ်မှတ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ယခုအခါ မျက်မမြင် ၄၅ သန်းကျော်ရှိပြီး လက်ရှိအခြေအနေအတိုင်း ဆက်သွားပါက ၂၀၂၀ ပြည့်တွင် ကမ္ဘာ့မျက်မမြင်အရေအတွက်သည် နှစ်ဆတိုးပြီး သန်း ၉၀ ခန့်ဖြစ်လာမည်ဟု ပညာရှင်များက ခန့်မှန်းထားပါကြောင်း။

တက်ကြွစွာပါဝင်

ကမ္ဘာ့ မျက်မမြင်ပပျောက်ရေးနေ့ အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာတွင်လက်ရှိ ရှိနေသော မျက်မမြင် ၄၅ သန်းအနက်က ကာကွယ်ကုသ၍ရသော မျက်မမြင်များအား အမြင် ပြန်လည်ရရှိလာစေရန်နှင့် မျက်မမြင် ကာကွယ်ကုသရေးလုပ်ငန်းများကို ယခုလက်ရှိအခြေအနေထက် အရှိန်အဟုန် တိုးတက်မြှင့်တင်ဆောင်ရွက်လာစေရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် အစဉ်တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အခမ်းအနားကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်ကစ၍ မြန်မာနိုင်ငံ၌ စတင်ကျင်းပခဲ့ကြောင်း။

ပံ့ပိုးပေးထား

ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ လှုပ်ရှားမှုများ စတင်ဆောင်ရွက်သည့် ၂၀၀၀ပြည့်နှစ်ကစပြီး ငါးနှစ်တာကာလအတွင်း တိုးတက်မှုကို ပြန်လည်လေ့လာကြည့်လျှင် မျက်မမြင်ကာကွယ်ရေး စီမံချက်ဌာနအသစ်လေးခုကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ၂၀၀၁ ခုနှစ်အတွင်းတွင် တောင်တွင်းကြီး၊ ဂန့်ဂေါ၊ မြိုင်၊ ကျောက်ပန်းတောင်းတို့၌ ဖွင့်လှစ်ခဲ့ပါကြောင်း၊ ခရိုင်မျက်စိကုဌာနအသစ်များ အနေဖြင့်လည်း ဗန်းမော်၊ တောင်ငူ၊ မအူပင်၊ လှိုင်လင်၊ ပျဉ်းမနား၊ ဟသ်ာတတို့၌ ဖွင့်လှစ်ခဲ့ပြီး အဆိုပါဌာနအသစ်များ၌ ခွဲစိတ်ကုသမှု ပစ္စည်းအပြည့်အစုံ ပံ့ပိုးပေးထားပါကြောင်း။

မွေးထုတ်လျက်ရှိ

မျက်စိ အထူးကုဆရာဝန်များအနေဖြင့် ယခင်က ၁၃၀ ခန့်ရှိရာမှ ယခုအခါ ၂၀၀ ခန့်အထိ ရှိလာပြီဖြစ်ကြောင်း၊ မျက်စိရောဂါ အထူးပြုသူနာပြုများ၊ မျက်မှန်ကျွမ်းကျင်သူအသစ်များကိုလည်း ဆက်လက်သင်တန်းပေး မွေးထုတ်လျက်ရှိပါကြောင်း၊ အခြေခံနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သားများကိုလည်း မျက်စိကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများ အဆက်မပြတ်ပေးနေပါကြောင်း။

မြန်မာနိုင်ငံ၌ မျက်မမြင်ဖြစ်စေသည့် အကြောင်းရင်းများကို ဆန်းစစ်ကြည့်ပါက တစ်ချိန်က မျက်ခမ်းစပ်ရောဂါသည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် မျက်စိကွယ်စေသော အဓိကအကြောင်းရင်းဖြစ်ခဲ့ပါကြောင်း၊ ၁၉၆၄ခုနှစ်မှ စပြီး မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေး စီမံကိန်းဖြင့် တိုက်ဖျက်လာခဲ့သဖြင့် မျက်ခမ်းစပ်ရောဂါသည် ၁၉၆၀ပြည့်နှစ်များတွင် ၄၃ရာခိုင်နှုန်းခန့်ရှိခဲ့ရာမှ ယခုအခါ ၁ ရာခိုင်နှုန်း ပတ်ဝန်းကျင်ခန့်သာ ရှိတော့ကြောင်း။

တစ်ဖက်က မျက်ခမ်းစပ်ရောဂါ ပြန်လည် ဦးမော့မလာစေရန် စောင့်ကြပ် ထိန်းသိမ်းပြီး အခြားတစ်ဖက်တွင် မျက်စိကွယ်စေသော အဓိကရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်တို့ကို နှစ်စဉ် တိုးတက်ခွဲစိတ်ကုသပေးလျက်ရှိပါကြောင်း။

စတင်အကောင်အထည်ဖော်

ထို့အပြင် ၂၀၀၃ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် Vision 2020 ၏ရည်မှန်းချက်တစ်ခုဖြစ်သည့် Prevention of Avoidable Childhood Blindness အစီအစဉ်ကို ချမှတ်ရန် ဒေသတွင်းနိုင်ငံများ အစည်းအဝေးကို ရန်ကုန်မြို့ Traders Hotel ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကလေးသူငယ်များ မျက်စိကွယ်မှု ကာကွယ်ရေးအတွက် ဌာနတစ်ခုကို ရန်ကုန်မျက်စိဆေးရုံကြီး၌ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

မျက်မမြင် ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျက်မမြင်ကာကွယ်ရေးစီမံချက် တစ်ခုတည်းမဟုတ်ဘဲ ပြည်နယ်နှင့်တိုင်းဆေးရုံကြီးများရှိ မျက်စိကုဌာနများ၊ အခြေခံကျန်းမာရေးဌာနများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးဌာနချုပ်နှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များအပြင် ပြည်သူလူထုတစ်ရပ်လုံးက လက်ရှိအခြေအနေထက် အရှိန်အဟုန်တိုးမြှင့် ပူးပေါင်းဆောင်ရွက်မှသာ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့၏ ရည်မှန်းချက်ဖြစ်သည့် ကာကွယ်ကုသ၍ရသော ရောဂါများကြောင့် မျက်စိကွယ်ခြင်းကို လျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေ ကိုယ်စားလှယ် Adik Wibowo က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ဧည့်ကြိုဆောင်၌ပြသထားသော ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "အမြင်သန်စွမ်း တို့အခွင့်အလမ်း ၂၀၂၀ အရောက်လှမ်း" (The Right to Sight) ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မျက်စိဝေဒနာရှင်များ အခမဲ့ကုသနိုင်

ရန်ကုန် အောက်တိုဘာ ၁၃

ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများသည် မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၁၅ရက်မှ ၂၇ရက်အထိ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် ဇီဝိတဒါနသံဃာ့ဆေးရုံ၌ အခမဲ့ စမ်းသပ်ခြင်း၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

(သတင်းစဉ်)

မျက်စိဆရာဝန်ညီလာခံ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန်များအဖွဲ့၏ (၁၅)ကြိမ်မြောက် မျက်စိဆရာဝန်ညီလာခံကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ နိုဝင်ဘာ ၃ရက်မှ ၄ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မျက်စိဆရာဝန်များနှင့် စိတ်ပါဝင်စားသူ ဆရာဝန်များ တက်ရောက်ကြရန် မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန်များအဖွဲ့က အကြောင်းကြားထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁၀–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရုပ်သွင်တေးနုယဉ်
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English for Everyday Use.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅း၁၅။ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၄၅ ၈။ **"လက်တွေ့ပြချင်လို့" (ဖြိုးငွေစိုး၊မြတ်ကေသီအောင်) [ဒါရိုက်တာ–ကြည်စိုး]**
၅း၅၅ ၉။ တေးဂီတအစီအစဉ်
၆း၀၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း–၂၆)**
၇း၃၅ ၁၄။ နှောင်းခေတ်တေးပဒေသာ
၇း၄၅ ၁၅။ ဝမ်ပုံရေလှောင်တမံစီမံကိန်း (ရှမ်းပြည်နယ်တောင်ပိုင်း)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ"(အပိုင်း–၂၀)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

၂၀၀၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာကြီးမြင့်နှင့် မျက်စိရောဂါ အထူးကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်တို့ ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်များ ကွင်းဆင်းကုသရေးအဖွဲ့ ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ဒေသခံ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းကုသပေးကြစဉ်။ (ကျန်းမာရေး)

မျက်စိအထူးကု ဆရာဝန်များ ကော့ကရိတ်မြို့သို့ သွားရောက်ကွင်းဆင်းကုသ

ရန်ကုန် အောက်တိုဘာ ၁၃

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆို၍ ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာကြီးမြင့်၊ မျက်စိရောဂါ အထူးကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်တို့ ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်များ ကွင်းဆင်းကုသရေးအဖွဲ့သည် ကရင်ပြည်နယ် ကော့ကရိတ်မြို့သို့ အောက်တိုဘာ ၁၀ရက်မှ ၁၂ရက်အထိ သွားရောက်ပြီး မျက်စိဝေဒနာရှင်များအား ကွင်းဆင်းကုသပေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းကုသရာတွင် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံ မျက်စိရောဂါဝေဒနာရှင် ၅၀၄ ဦးအား ကြည့်ရှုကုသပေးပြီး လူနာ ၈၀ အား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြသည်။

မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပြည်နယ်နှင့် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်နယ်နှင့် ခရိုင် ကျန်းမာရေးဦးစီးဌာနများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်ကူညီခဲ့ကြသည်။ (သတင်းစဉ်)

ညောင်ပင်သာကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၃

အင်းစိန်မြို့နယ် မင်းဓေတီလမ်းရှိ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက် ပဓာန နာယက ကမ္မဋ္ဌာနာစရိယနယ်လှည့် ဓမ္မကထိက အရှင်မာလာစာရ (ဓမ္မာစရိယ)က အောက်တိုဘာ ၁၉ရက်မှ ၂၅ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ အောက်တိုဘာ ၁၈ရက် ညနေအရောက် လာရောက်ကြရန်နှင့် ကျောင်းတိုက် ဖုန်း–၆၄၀၂၆၇ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

အမျိုးသားယဉ်ကျေးမှုစည်း ကျိုးပေါက်မသွားရအောင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ခံကတု
မြန်မာ့ရိုးရာယဉ်ကျေးမှုတန်ဖိုးကို အမှတ်ထင်ထင်ဖြစ်အောင်၊ တန်ဖိုးထားလေးစားအောင်၊ စူးစူးနှစ်န

● ရှေ့ဖုံးမှ

"ကိုယ်စိတ်နှစ်ဖြာ ကြည်သာချမ်းမြေ့ကြပါစေ"၊ "မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း မိမိနိုင်ငံ မိမိလူမျိုးရဲ့ အမျိုးသားရေးဂုဏ်သိက္ခာကို စောင့်ရှောက်မြှင့်တင်နိုင်ကြပါစေ"လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဝင့်ဝင့်ကြွားကြွားရပ်တည်

မိမိတို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ သမိုင်းဦးအစကာလများကပင် အဆင့်အတန်းမြင့်မားပြီး အရည်အသွေးပြည့်ဝခံ့ထည်တဲ့ ယဉ်ကျေးမှုအဆောက်အအုံကြီးကို ခိုင်ခိုင်မာမာ ထူထောင်လာနိုင်ခဲ့တဲ့အတွက် သမိုင်းအစဉ်အလာကောင်းများနဲ့ ပြည့်စုံလှတဲ့ နိုင်ငံတော်ကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်လျက်ရှိပါတယ်။

နှစ်ပေါင်းထောင်ချီပြီး ရှည်လျားတဲ့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများဟာ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်ရင်း မိမိတို့ရဲ့ ယဉ်ကျေးမှုအဆောက်အအုံကြီးကို ပိုမိုပြီးကြွယ်ဝနက်ရှိုင်းအောင်၊ ကုံလုံပြည့်စုံအောင်၊ ခိုင်ခံ့ဝင့်ထည်အောင် ပြုစုပျိုးထောင် သိုမှီးစုဆောင်းပြီး မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ အမွေခံကောင်းများအဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာဟာ ယနေ့ထက်တိုင်ပဲဖြစ်ပါတယ်။

မိမိနိုင်ငံ မိမိလူမျိုးရဲ့ သမိုင်းကြောင်းအတွေ့အကြုံက ပေါက်ဖွားလာတဲ့ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေ၊ အဆင့်အတန်း မြင့်မားထည်ဝါတဲ့ ယဉ်ကျေးမှု အဆောက်အအုံတွေကို မြတ်နိုးထိန်းသိမ်းလာခဲ့တဲ့ ဇာတိသွေး၊ ဇာတိမာန်တို့ရဲ့ စွမ်းအားကြောင့် မြန်မာလူမျိုးတို့ဟာ လက်ရုံးရည်ရော၊ နှလုံးရည်ပါ သန်စွမ်း ပြည့်ဝပြီး စည်းလုံးညီညွတ်တဲ့ အမျိုးသားနိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြရုံသာမက သမိုင်းစဉ်တစ်လျှောက်မှာ အိမ်နီးချင်းနိုင်ငံများနဲ့ စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး၊ ယဉ်ကျေးမှုရေးရာအဝဝမှာ တန်းတူရည်တူ ရင်ပေါင်တန်း ရပ်တည်လာနိုင်ခဲ့ပါတယ်။

ဒီအစဉ်အလာကောင်း၊ ရေခံမြေခံကောင်း အမွေခံကောင်းတို့ကြောင့်ပဲ မြန်မာလူမျိုးတို့ဟာ မိမိတို့ သီးသီးသန့်သန့် ပျိုးထောင်လာခဲ့ကြတဲ့ အမျိုးသားယဉ်ကျေးမှုနဲ့ ယှဉ်တွဲပြီး ကိုယ်ပိုင်အမျိုးသားရေးစရိုက် လက္ခဏာနဲ့ အမျိုးသားရေး ဥပဓိရုပ်တို့ မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နေနိုင်ခြင်း ဖြစ်ပါတယ်။

အကဲဖြတ်နိုင်

ဒီလိုမြန်မာ့ရေမြေပေါ်မှာ မြန်မာလူမျိုးတို့ နှစ်ပရိစ္ဆေဒ ရှည်ကြာစွာ ထိန်းသိမ်းပျိုးထောင်လာခဲ့ကြတဲ့ ထည်ဝါမြင့်မားတဲ့ သမိုင်းကြောင်းအစဉ်အလာတွေနဲ့ သိမ်မွေ့နက်ရှိုင်းတဲ့ ယဉ်ကျေးမှုအဆင့်အတန်းတို့ကို ရှေးဟောင်းစေတီပုထိုးတွေ၊ သာသနိက အဆောက်အအုံတွေ၊ တူးဖော်တွေ့ရှိရတဲ့ မြို့တော်ဟောင်းတွေနဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေမှာ တန်ဆာဆင် ခြယ်မှုန်းထားတဲ့ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့စတဲ့ ပန်း ၁၀ မျိုး လက်ရာများမှာ မျက်ဝါးထင်ထင် တွေ့မြင်သုံးသပ် အကဲဖြတ်နိုင်ကြမှာဖြစ်ပါတယ်။

သို့သော်လည်း နက်နဲသိမ်မွေ့ပြီး ကျယ်ပြောနက်ရှိုင်းတဲ့ အနုသုခုမ ပညာရပ်တွေ၊ ယဉ်ကျေးသိမ်မွေ့တဲ့ ထုံးတမ်းဓလေ့အစဉ်အလာတွေ၊ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ အဆုံးအမ တရားများနဲ့ ထုံမွမ်းနေတဲ့ လူမှုကျင့်ဝတ်တွေ၊ လေးနက်ခိုင်မာတဲ့ တွေးခေါ်မြော်မြင်မှု သဘောတရားနဲ့ လောကရေး၊ ဓမ္မရေး၊ ရာဇရေးအယူအဆတွေစတဲ့ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တွေရဲ့ အရည်အသွေးများကိုတော့ စာပေ၊ ကဗျာ၊ အလင်္ကာ၊ အမွှမ်းအဖွဲ့များနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သဘင်ပညာရပ်များက တစ်ဆင့်သာ ဖော်ထုတ်တွေ့မြင်ကြရမှာဖြစ်ပါတယ်။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ စစ်သံမှူးများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြန်လည်ဖော်ထုတ်

ဒါကြောင့် မြန်မာလူမျိုးတို့ကို မျိုးရိုးဂုဏ်ရှိန် မြင့်မားထည်ဝါတဲ့ လူမျိုးအဖြစ် သမိုင်းစဉ်အဆင့်ဆင့်မှာ မြှင့်တင်ပေးလာခဲ့တဲ့ အစဉ်အလာကောင်း၊ စွမ်းရည်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ပြီး မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့နဲ့ ဒီလိုတန်ဖိုးကြီးမားပြီး စွမ်းအားထက်မြက်တဲ့ အနုပညာစွမ်းပကားကို တိုင်းပြည်နဲ့လူမျိုး မြှင့်တင်ရေးမှာ အစွမ်းထက်ထိရောက်စွာ အသုံးပြုနိုင်စေဖို့ဆိုတဲ့ အမျိုးသားရေးတာဝန်ကြီးနဲ့ ဆက်စပ်ပြီး ယခုလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများဖြင့် ပြန်လည်ဖော်ထုတ် ပြုစုပျိုးထောင်ပေးနေခြင်းပဲဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များဟာ ရုပ်သေးသဘင်၊ ဇာတ်သဘင်၊ အငြိမ့်သဘင်နဲ့ ဆိုင်းသဘင်လို့ခေါ်တဲ့ သဘင်လေးရပ်မှာ အသွင်သဏ္ဌာန် အမျိုးမျိုးနဲ့ ကျယ်ပြောနက်ရှိုင်း သိမ်မွေ့လှပစွာ စိမ့်ဝင်ပျံ့နှံ့ ထွန်းကားလျက်ရှိပါတယ်။

အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များဟာ သူ့မူ၊ သူ့ဟန်၊ သူ့ထာ၊ သူ့သမ္ဘာနဲ့ သီးသီးသန့်သန့် ပညာရပ်များအဖြစ် ကိုယ်စီကိုယ်စီ ဖြစ်ထွန်းနေသလို ပညာရပ်တစ်ခုနဲ့တစ်ခုဟာလည်း အပြန်အလှန် အကျိုးပြု အထောက်အကူဖြစ်စေလျက်ရှိနေတာ တွေ့နိုင်ပါတယ်။

ကိုယ်စီပြည့်ဝ

သို့သော်လည်း မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ် အသီးသီးဟာ ယဉ်ကျေးသိမ်မွေ့မှု၊ တင့်တယ်ခံ့ညားမှု၊ သွယ်ပျောင်းငြိမ့်ညောင်းမှု၊ ထက်မြက်တက်ကြွမှုဆိုတဲ့ ဣန္ဒြေ၊ ကျက်သရေတို့နဲ့ ကိုယ်စီကိုယ်စီ ပြည့်ဝကြသည်ချည်းဖြစ်တာတွေ့နိုင်ပါတယ်။

ဒါ့အပြင် မြန်မာလူ့ဘောင်အဖွဲ့အစည်းမှာ နှစ်ပေါင်းရှည်ကြာ အမြစ်တွယ်ရှင်သန်ဖြစ်ထွန်းလာခဲ့တဲ့ တရားမျှတမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ မေတ္တာတရား ထားရှိမှုစတဲ့ အမွန်အမြတ်တရားတွေ၊ ဟီရိဩတ္တပ္ပ တရားနှစ်ပါးနဲ့ ဗြဟ္မစိုရ်တရားလေးပါးတို့ လွှမ်းခြုံနေတဲ့ မြန်မာ့ရိုးရာ ဓလေ့စရိုက် အစဉ်အလာတွေနဲ့ မြင့်မြတ်တဲ့ မြန်မာ့စိတ်ရင်းကောင်းတို့ဟာ မြန်မာ့အနုပညာရပ်များမှာ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ထုံမွမ်းနေတာ တွေ့ကြရမှာဖြစ်ပါတယ်။

အမြင့်သဘင်

အထူးသဖြင့် မြန်မာ့ဇာတ်တော်ကြီးမ
ရုပ်သေးသဘင်တို့ရဲ့ တင်ဆက်မှုများမှာ မြန်မ
စဉ်လာများရဲ့ အနှစ်သာရတွေ၊ မြန်မာ့အနုပ
နက်ရှိုင်းတဲ့ ပညာခန်း အဆီအနှစ်တွေအပြင် ကို
ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့ကြတဲ့ မြန်မာ့လူ
မြင့်မားလှတဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့
မြော်မြင်မှု အခြေခံသဘောတရားတွေ၊ သံခင
သေနင်္ဗျူဟာ အခင်းအကျင်းတွေစတဲ့ မြန်မာ
တို့ကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသနိုင်ကြ

ဇာတ်တော်ကြီး

ယခုပြိုင်ပွဲကြီးမှာ တင်ဆက်ယှဉ်ပြိုင်ကြ
မှာဆိုရင်လည်း ဘုရားအလောင်းတော် ဝိ
တည်ကြည်တဲ့ သစ္စာတရား၊ အတ္တဆန္ဒကင်း
ပညာစွမ်းအားဖြင့်သာ သမာသမတ်ကျစွာ တ
ထားတဲ့အပြင် ခန္တီခေါ်တဲ့ သည်းခံခြင်းတရားနဲ့
ကုသိုလ် အကျိုးအာနိသင်နဲ့ အဆွေခင်ပွန်းအ
ဆောက်တည်အပ်တဲ့ သာဓုနရတရားခေါ
လေးပါးကို ထုတ်ဖော်ဟောကြားခြင်းအားဖြ
လိမ္မာယဉ်ကျေးအောင် သွန်သင်ညွှန်ပြနိုင်မှု
သမာဓိနဲ့ နက်နဲတဲ့ ပညာရဲ့စွမ်းအားတို့အပေ
လေးစား တန်ဖိုးထားမှုကို ပေါ်လွင်စေလျက်

ဒါကြောင့် ဒီလို အနုပညာစွမ်းပကာ
အနှစ်သာရနဲ့ ယဉ်ကျေးမှု တန်ဖိုးမဖြတ်နိုင်တဲ့
သဘင်နဲ့တကွ အဆို၊ အက၊ အရေး၊ အတီး
ဖော်ထုတ် မြှင့်တင်ပေးခြင်းအားဖြင့် သက်ဆို
ကျွမ်းကျင်တတ်မြောက်မှုစွမ်းရည်၊ အနုပညာ
စည်းရုံးစေ့ဆော်နိုင်မှုစွမ်းအားတို့အပြင် ပြည်သ
ခံစားနိုင်မှု အရည်အသွေးကောင်းတို့ကိုပါ ပိုမိုထ
အမှန်ပဲ ဖြစ်ပါတယ်။

ပိုမိုတိုးပွားခိုင်မာ

ဒါ့အပြင် အမျိုးသားယဉ်ကျေးမှု ထိန်းသိ
ရေးစိတ်ဓာတ်အခြေခံများ တိုင်းရင်းသားပြည်သ
တည်း ဖြစ်ထွန်းစေလျက်ရှိတဲ့ အကျိုးရလဒ်
ခိုင်မာစေမှာ မလွဲဘူးလို့ ပြောကြားလိုပါတ

အမှန်တကယ်တော့ ရိုးရာယဉ်ကျေးမှု
ထူးခြားတဲ့ ဝိသေသလက္ခဏာကို ဖော်ညွှန်းပြ
တစ်ခုဖြစ်တဲ့အတွက် မယိုယွင်း မပျက်သုဉ်းစေ
ကြရမှာ ဖြစ်ပါတယ်။ အလားတူပဲ အမျိုး
မိမိလူမျိုးရဲ့ ရုပ်ရည်သွင်ပြင်လက္ခဏာ၊ ဝတ်စား
အသုံးအနှုန်း၊ ယဉ်ကျေးမှုဓလေ့စရိုက်အစ
နှုန်းစံတို့ကို အရှည်တည်တံ့စေရအောင် အမျ
မြှင့်တင်မှု၊ အမျိုးအနွယ်စောင့်ထိန်းမှုတို့ကတ
ဖြစ်ပါတယ်။

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ပန်တျာကျောင်း)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အက/ဇာတ်သဘင်	အရေး	အတီး	အတီး
၂။	၁၄–၁၀–၂၀၀၅ (သောကြာနေ့)	**မေ့မပူဇာတေး (နံနက်)** (၁) အဆင့်မြင့် (မ) **ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်)** (၂) အခြေခံ(၅–၁၀) (ကျား)	**အမျိုးသမီးအက(နံနက်)** (၁) ဝါသနာရှင် **အမျိုးသားအက (နေ့လယ်)** (၂) အခြေခံ (၅–၁၀) ဝိဓူရဇာတ်တော်ကြီး (ညပိုင်း) စစ်ကိုင်းတိုင်း ကိုယ်စားပြု ဦးအောင်ဖြိုးဟိန်း ဇာတ်အဖွဲ့	**သီချင်းစာသားရေး၊ တေးသွားထည့်** (၁) အခြေခံ (၁၀–၁၅) (၂) ဝါသနာရှင်	**တယော** (၁) ဝါသနာရှင် (ကျား+မ) (နံနက်) (၂) အခြေခံ(၁၅–၂၀) (ကျား+မ) (နေ့လယ်)	**ဆိုင်းတစ်ဦးချင်း** (၁) အခြေခံ(၁၀–၁၅)(ကျား) (နံနက်) (၂) အခြေခံ (၅–၁၀) (ကျား) (နေ့လယ်)
၃။	၁၅–၁၀–၂၀၀၅ (စနေနေ့)	**မဟာဂီတ (နံနက်)** (၁) ပညာရှင် (ကျား) **မဟာဂီတ (နေ့လယ်)** (၂) အခြေခံ(၁၅–၂၀) (မ)	**အမျိုးသားအက(နံနက်)** (၁) ဝါသနာရှင် **အမျိုးသမီးအက (နေ့လယ်)** (၂) အခြေခံ (၁၀–၁၅) ဝိဓူရဇာတ်တော်ကြီး (ညပိုင်း) မဲကျာ အမှတ်(၂)ဇာတ်အဖွဲ့	**သီချင်းစာသားရေး၊ တေးသွားထည့်** (၁) အခြေခံ (၁၅–၂၀) (၂) အဆင့်မြင့်	**ဒုံမင်း** (၁) ပညာရှင်(ကျား+မ)(နံနက်) (၂) အခြေခံ(၁၅–၂၀)(ကျား+မ) (နေ့လယ်) (၃) အခြေခံ(၁၀–၁၅)(ကျား+မ) (နေ့လယ်)	**ဆိုင်းအဖွဲ့လိုက်** (၁) အဆင့်မြင့်(ကျား) (နံနက်) (၂) ဝါသနာရှင်(ကျား)(နေ့လယ်)

**မြန်မာ့ရိုးရာယဉ
များမှာ တိုင်းရင်းသ
ရင်းနှီးစွာ ဆုံစည်း
တွေကို ဖော်ထုတ်
စရိုက် အစဉ်အလာ
စောင့်ရှောက်လာ
စိတ်ထားတွေ၊ ည
တိုင်းရင်းသားစည်း
စွမ်းအားလည်း ပိုမ**

…ာင်စုစိတ်ဓာတ် ခံကတုတ်ကောင်းတို့ဖြင့် ကာကွယ်စောင့်ရှောက် …ားအောင်၊ စူးစူးနစ်နစ်လိုက်စားလာအောင် စည်းရုံးစေ့ဆော်

အမြင့်သဘင်

အထူးသဖြင့် မြန်မာ့ဇာတ်တော်ကြီးများနဲ့ အမြင့်သဘင်လို့ခေါ်တဲ့ ရုပ်သေးသဘင်တို့ရဲ့ တင်ဆက်မှုများမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်စဉ်လာများရဲ့ အနှစ်သာရတွေ၊ မြန်မာ့အနုသုခုမပညာရပ်များရဲ့ သိမ်မွေ့နက်ရှိုင်းတဲ့ ပညာခန်း အဆီအနှစ်တွေအပြင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့ကြတဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အဆင့်အတန်းမြင့်မားလှတဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ တရားမျှတမှုဆိုင်ရာ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားတွေ၊ သံခင်း၊ တမန်ခင်းနဲ့ စစ်ရေးစစ်ရာ သေနင်္ဗျူဟာ အခင်းအကျင်းတွေစတဲ့ မြန်မာမှု မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်တို့ကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသနိုင်ကြတာ တွေ့ကြရမှာဖြစ်ပါတယ်။

ဇာတ်တော်ကြီး

ယခုပြိုင်ပွဲကြီးမှာ တင်ဆက်ယှဉ်ပြိုင်ကြမယ့် **“ဝိဓူရဇာတ်တော်ကြီး”** မှာဆိုရင်လည်း ဘုရားအလောင်းတော် ဝိဓူရအမတ်ကြီးရဲ့ ဖြောင့်မတ်တည်ကြည်တဲ့ သစ္စာတရား၊ အတ္တဆန္ဒကင်းရှင်းစွာ ကိုယ်ကျိုးမငဲ့ကွက်ဘဲ ပညာစွမ်းအားဖြင့်သာ သမာသမတ်ကျစွာ တရားဆုံးဖြတ်မှုတို့ကို ဖော်ညွှန်းထားတဲ့အပြင် ခန္တီခေါ်တဲ့ သည်းခံခြင်းတရားနဲ့ မေတ္တာတရားတို့ရဲ့ ကောင်းကျိုးကုသိုလ် အကျိုးအာနိသင်နဲ့ အဆွေခင်ပွန်းအပေါ် ကျေးဇူးစောင့်ထိန်းခြင်းဖြင့် ဆောက်တည်အပ်တဲ့ သာဓုနရတရားခေါ်တဲ့ သူတော်ကောင်းကျင့်စဉ်လေးပါးကို ထုတ်ဖော်ဟောကြားခြင်းအားဖြင့် မိမိဝန်းကျင်ရှိ ပုဂ္ဂိုလ်များကို လိမ္မာယဉ်ကျေးအောင် သွန်သင်ညွှန်ပြနိုင်မှုများဟာ ခိုင်ကျည်တဲ့ သီလ သမာဓိနဲ့ နက်နဲတဲ့ ပညာရဲ့စွမ်းအားတို့အပေါ် မြန်မာလူမျိုးတို့ရဲ့ ယုံကြည်လေးစား တန်ဖိုးထားမှုကို ပေါ်လွင်စေလျက်ရှိပါတယ်။

ဒါကြောင့် ဒီလို အနုပညာစွမ်းပကားကြီးမားပြီး အမျိုးသားရေးအနှစ်သာရနဲ့ ယဉ်ကျေးမှု တန်ဖိုးမဖြတ်နိုင်တဲ့ မြန်မာ့ဇာတ်သဘင်၊ ရုပ်သေးသဘင်နဲ့တကွ အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးခြင်းအားဖြင့် သက်ဆိုင်ရာ အနုပညာရပ်များအပေါ် ကျွမ်းကျင်တတ်မြောက်မှုစွမ်းရည်၊ အနုပညာရပ်များရဲ့ ပြည်သူများအပေါ် စည်းရုံးစေ့ဆော်နိုင်မှုစွမ်းအားတို့အပြင် ပြည်သူများနဲ့ အနုပညာရသ သိမြင်ခံစားနိုင်မှု အရည်အသွေးကောင်းတို့ကိုပါ ပိုမိုထွန်းတောက် ပွင့်လင်းလာစေမှာ အမှန်ပဲ ဖြစ်ပါတယ်။

ပိုမိုတိုးပွားခိုင်မာ

ဒါ့အပြင် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ခြင်းဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်အခြေခံများ တိုင်းရင်းသားပြည်သူများအကြားမှာ တလုံးတစည်းတည်း ဖြစ်ထွန်းစေလျက်ရှိတဲ့ အကျိုးရလဒ်ကောင်းများကိုလည်း ပိုမိုတိုးပွားခိုင်မာစေမှာ မလွဲဘူးလို့ ပြောကြားလိုပါတယ်။

အမှန်တကယ်တော့ ရိုးရာယဉ်ကျေးမှုဆိုတာ မိမိနိုင်ငံ မိမိလူမျိုးရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာကို ဖော်ညွှန်းပြသနေတဲ့ ကိုယ်ပိုင်သင်္ကေတတစ်ခုဖြစ်တဲ့အတွက် မယိုယွင်း မပျက်သုဉ်းစေရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။ အလားတူပဲ အမျိုးသားရေးဥပဓိရုပ်လို့ ဆိုရမယ့် မိမိလူမျိုးရဲ့ ရုပ်ရည်သွင်ပြင်လက္ခဏာ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကားအသုံးအနှုန်း၊ ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာ၊ လူမှုရေးကျင့်ဝတ်နှုန်းစံတို့ကို အရှည်တည်တံ့စေရအောင် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်မှု၊ အမျိုးအနွယ်စောင့်ထိန်းမှုတို့ကတစ်ဆင့် ဖော်ဆောင်ပေးကြရတာ ဖြစ်ပါတယ်။

ဒီကိုယ်ပိုင်အမျိုးသားရေးသင်္ကေတနဲ့ အမျိုးသားရေးဥပဓိရုပ်ပျက်ယွင်းတဲ့ တစ်နေ့မှာ မြန်မာလူမျိုးဆိုတဲ့ ဂုဏ်ရည်ဂုဏ်ဒြပ်ဟာလည်း ပျောက်ကွယ်သွားမှာ အမှန်ပဲဖြစ်ပါတယ်။

အခိုင်အမာချမှတ်

ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတဲ့ လူမှုရေးဦးတည်ချက်ကို အခိုင်အမာချမှတ်ပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်ပါတယ်။

ယနေ့လို Globalization ခေတ်ကာလမှာ ခေတ်မီသတင်းနဲ့ ဆက်သွယ်ရေး နည်းပညာတွေ အသုံးပြုပြီး တိုင်းတစ်ပါး အတွေးအခေါ် အယူအဆ၊ တိုင်းတစ်ပါး ယဉ်ကျေးမှုတို့ဟာ မီဒီယာတွေ၊ Internet တွေ အပါအဝင် ယဉ်ကျေးမှုတံခါးပေါက်၊ စီးပွားရေးတံခါးပေါက်တွေကနေ အလုံးအရင်းနဲ့ ဝင်ရောက်လာလျက် ရှိနေပါတယ်။

မျိုးချစ်စိတ်ဓာတ်ဖြင့်ကာကွယ်

ဒီလိုတံခါးပေါက်အမျိုးမျိုးက နည်းလမ်းအသွယ်သွယ်နဲ့ အရှိန်အဟုန်ကောင်းကောင်း ဝင်လာနေတဲ့ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို မိမိတို့ရဲ့ ကိုယ်ပိုင်အမျိုးသားရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးတဲ့ မျိုးချစ်စိတ်ဓာတ်ဖြင့်သာ ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။

ယခုပင်လျှင် မြန်မာ့ယဉ်ကျေးမှုနဲ့ ဖီလာဆန့်ကျင်တဲ့ တိုင်းတစ်ပါးယဉ်ကျေးမှုကို အားကျအထင်ကြီးတဲ့ လူငယ်အချို့ဟာ ခေတ်ရေစီးကြောင်းမှာ မျောပါပြီး ဣန္ဒြေမဲ့တဲ့ အပြုအမူအကျင့်အကြံတွေ လျှပ်ပေါ်လော်လည်တဲ့ ဝတ်စားဆင်ယင်မှုတွေမှာ သာယာယစ်မူးနေကြမှုတွေ ရှိနေကြတာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ဒီအခြေအနေတွေကို လျစ်လျူရှုထားမယ်ဆိုရင် ငယ်ရွယ်ရိုးသားဖြူစင်တဲ့ လူငယ်များအကြား မိမိရိုးရာယဉ်ကျေးမှုကို တန်ဖိုးထား လေးစားမြတ်နိုးမှု လျော့ပါးလာမှုတွေ တိုးပွားလာတာနဲ့အမျှ အမျိုးကိုစောင့်စည်းတဲ့ စိတ်ဓာတ်ပါယိုယွင်းပြီး နောက်တစ်နေ့မှာ အမျိုးပါပျောက်ရမည့် အခြေအနေကို မလွဲမသွေ ရင်ဆိုင်ကြရမှာအမှန်ပဲဖြစ်ပါတယ်။

တန်ဖိုးကြီးမား

ဒါကြောင့် မိမိတို့ကိုယ်ပိုင် အမျိုးသားရိုးရာယဉ်ကျေးမှုရဲ့ အဆင့်အတန်းမြင့်မားမှု၊ တန်ဖိုးကြီးမားမှု၊ စနစ်ကျနမှု၊ လေးနက်ပြည့်စုံမှုတို့ကို အမှတ်မထင်ဖြစ်နေကြတဲ့ လူငယ်အချို့ကို ယခုလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြီးများကတစ်ဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ တန်ဖိုးကို အမှတ်ထင်ထင်ဖြစ်လာအောင်၊ တန်ဖိုးထားလေးစားတတ်အောင်၊ ပိုမိုပြီး ထဲထဲဝင်ဝင် စူးစူးနစ်နစ် လေ့လာလိုက်စားလာအောင် စည်းရုံးစေ့ဆော်ပေးနိုင်ခြင်းဟာ အလွန်ပဲတန်ဖိုးကြီးမား အကျိုးရှိလှပါတယ်။ တန်ဖိုးကို သိခြင်းအားဖြင့် တန်ဖိုးထားတတ်လာမှာဖြစ်သလို လေးနက်မှုကိုထိတွေ့ရင်း အလေးအနက်ပြုတတ်လာကြမှာ မလွဲဧကန်ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်မှာ အမျိုးသားရေးမူဟန်မပျက် အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မြင့်မားမားဖြင့် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရအောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တွေကို ဖော်ထုတ်ထိန်းသိမ်းကြရင်း အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာတွေကို တလေးတစား ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်လာစေခြင်းအားဖြင့် တူညီတဲ့စိတ်ဓာတ်တွေ၊ ညီမျှတဲ့စိတ်ထားတွေ၊ ညီညွတ်တဲ့ ရပ်တည်မှုတွေ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခြေခံတဲ့ မျိုးချစ်စိတ်ဓာတ်စွမ်းအားလည်း ပိုမိုပြီးခိုင်မာလာမှာဖြစ်။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ စစ်သံမှူးများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒီလို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘက်စုံကဏ္ဍစုံမှာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းသားပြည်သူများရဲ့ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်ရေးအတွက်လည်း တစ်ခန်းတစ်ကဏ္ဍ အားထုတ်ဆောင်ရွက်လျက် ရှိပါတယ်။

စေ့ဆော်စည်းရုံး

တိုင်းရင်းသားပြည်သူများ ဇာတိသွေး ဇာတိမာန်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးစတဲ့ ပြည်သူများရဲ့ စိတ်ဓာတ်ရေးရာအခြေခံများ ရင့်သန်ခိုင်မာစေရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံးမြှင့်တင်ပေးကြရမှာဖြစ်ပါတယ်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ကြွယ်ဝပြည့်စုံပြီးဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကို နိုင်ငံနဲ့လူမျိုးမြှင့်တင်ရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု ကာကွယ်ရေးတို့မှာ တန်ဖိုးရှိရှိ အသုံးချနိုင်စေဖို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှာ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တွေကို ဖော်ထုတ်ထိန်းသိမ်းကြရင်း အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာတွေကို တလေးတစား ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက် လာစေခြင်းအားဖြင့် တူညီတဲ့စိတ်ဓာတ်တွေ၊ ညီမျှတဲ့စိတ်ထားတွေ၊ ညီညွတ်တဲ့ရပ်တည်မှုတွေ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံတဲ့ မျိုးချစ်စိတ်ဓာတ်စွမ်းအားလည်း ပိုမိုပြီး ခိုင်မာလာမှာဖြစ်လို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို ပြည်ထောင်စုနေ့ ပွဲတော်ကြီးများကဲ့သို့ အလေးအနက်ထား ကျင်းပသွားဖို့ လမ်းညွှန်မှာကြားထားပါတယ်။

အရေးကြီးလျှင်သွေးနီး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကတစ်ဆင့် တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာတွေ၊ ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်တွေရဲ့ အခြေခံတူညီမှုနဲ့ တိုင်းရင်းသားအားလုံးရဲ့ ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် ပျိုးထောင်လာခဲ့တဲ့ အမျိုးသားရေးအမွေအနှစ်ဖြစ်မှုတို့ကို သိမြင်နားလည်အောင် ဖော်ထုတ်ပြသနိုင်တာနဲ့အမျှ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များရဲ့ သိမ်မွေ့နက်ရှိုင်းမှု၊ အဆင့်အတန်းမြင့်မားမှု၊ သမိုင်းအစဉ်အလာ ကောင်းမွန်မှုတို့ကို ပိုမိုတန်ဖိုးထား ထိန်းသိမ်းလာကြမှာ အမှန်ပဲဖြစ်ပါတယ်။ ဒီလိုညီမျှတဲ့ စိတ်ဓာတ်တွေခိုင်မာမှသာ ဓလေ့စရိုက်မတူညီ ကွဲပြားတဲ့ တိုင်းတစ်ပါးရဲ့ လွှမ်းမိုးခြယ်လှယ်မှုများကိုလည်း တိုင်းရင်းသား ပြည်သူအားလုံးက **“အရေးကြီးလျှင် သွေးနီး”**ဆိုတဲ့ စိတ်ဓာတ်နဲ့ အောင်အောင်မြင်မြင် ပြတ်ပြတ်သားသား ရင်ဆိုင်တွန်းလှန်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက်မြှင့်တင်ရင်း တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှု၊ တိုင်းတစ်ပါးက သွေးခွဲသပ်လျှိုမှု၊ ဩဇာပေးခြယ်လှယ်မှုတို့ကြောင့် အမျိုးသားယဉ်ကျေးမှုစည်း ကျိုးပေါက်မသွားစေရအောင် ခိုင်မာတဲ့ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ခံကတုတ်ကောင်းတို့ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့–

- **သမိုင်းအစဉ်အလာ ကောင်းမြတ်ခိုင်ခံ့ခဲ့တဲ့ မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုတန်ဖိုးများ နိုင်နိုင်မြဲမြဲ ဆက်လက်ရှင်သန် ဖြစ်ထွန်းနေစေရအောင် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့ရဲ့ သမိုင်းကြောင်းခိုင်မာနက်ရှိုင်းမှု၊ မျိုးရိုး ဂုဏ်ရှိန်ထည်ဝါမှုနဲ့ ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ခံစားသိမြင်စေခြင်းအားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထာဝရနိုးကြားထက်သန်စေပြီး အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မယ့် အမျိုးသားစွမ်းအား ပိုမိုထက်မြက် ခိုင်မာစေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ။**
- **တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာ ဝပြောသော စည်းလုံးညီညွတ်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးအဖြစ် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ အစဉ်ထာဝရ ရပ်တည်နိုင်စေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တို့ စွဲမြဲထွန်းကားပြန့်ပွားစေရအောင် ယဉ်ကျေးမှုအနုပညာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ပေးကြပါ**

လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

(သတင်းစဉ်)

စက်မှုအင်ဂျင်နီယာကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်စက်မှုတက္ကသိုလ်တွင် စက်မှုအင်ဂျင်နီယာဘာသာတွဲဖြင့် ၁၉၈၂ခုနှစ်၌ ဝင်ရောက်ပညာသင်ကြားခဲ့သူများ၊ ၁၉၈၅ခုနှစ်၌ ဘွဲ့ရရှိခဲ့ကြသူများ၊ မည်သည့်နှစ်တွင် ဝင်ရောက်ခဲ့သည်ဖြစ်စေ ထိုကာလ၌ အတူတကွ ပညာသင်ကြားခဲ့ကြသူများအားလုံး ပြန်လည်တွေ့ဆုံပြီး ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါ၍ စိုးစိုးသန်း ဖုန်း– ၀၉–၈၀–၂၁၆၇၉၊ သန်းငွေ ဖုန်း– ၀၉–၉၀ ၃၂၀၀၈၊ ကျော်ကျော်နိုင် ဖုန်း– ၀၉–၅၁၄၂၅၃၃၊ စိုးအောင် ဖုန်း– ၀၉–၂၀၄၂၀၅၇တို့ထံ ဆက်သွယ်စုံစမ်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စက်အရန်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စက်အရန် ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)၌ ကျင်းပရာ စက်မှုဖွံ့ဖြိုးရေးဆိုင်ရာလေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွက် လိုအပ်သော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ထုတ်လုပ်ရေးတို့ကို ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းပြသပွဲ အခမ်းအနားသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များနှင့် သုတေသီများ၊ စက်မှုဇုန်အသီးသီးတို့မှ ပညာရှင်များ၊ သုတေသီများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဖွံ့ဖြိုးရေးဆိုင်ရာလေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ပြပွဲခင်းကျင်းပြသရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ ဦးဆောင်၍ စက်မှုပညာရှင်များ၊စက်မှုလုပ်ငန်းရှင်များနှင့် စက်မှုသုတေသီများသည် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)ရှိ ထရက်ရှင်မော်တာနှင့် ဂျင်နရေတာပြုပြင်ထုတ်လုပ်ရေးအလုပ်ရုံ၌ ခင်းကျင်းပြသထားသည့် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြပွဲခန်းမသို့သွားရောက်သည့် လမ်းတစ်လျှောက်၌ မြန်မာ့မီးရထားက တီထွင် ထုတ်လုပ်ထားသော သံလမ်းစစ်ဆေးရေးယာဉ်များဖြစ်သည့် MCA-16, DCL-8504, DRC-101 နှင့် DAL-20/41 တို့ကိုလည်းကောင်း၊ CNG ဓာတ်ငွေ့ဖြင့် အသုံးပြုနိုင်ရန် တီထွင်ဆောက်လုပ်ထားသည့် အပေါ့စား လူစီးမီးရထားစက်ခေါင်း LRBE-22 ကိုလည်းကောင်း၊ သံလမ်းများ ပြုပြင်ထိန်းသိမ်းရာတွင် အသုံးပြုသော ကျောက်ပါကင်ရိုက်စက်၊ မြန်မာ့မီးရထား(မြစ်ငယ်)စက်ရုံမှ တီထွင်ထုတ်လုပ်တည်ဆောက်ခဲ့သည့် အထက်တန်းထိုင်ခုံတွဲ၊ အိပ်စင်တွဲ၊ အထူးတွဲ၊ ရွာထောင်စက်ခေါင်းစက်ရုံက ထုတ်လုပ်သော သံလမ်းပြုပြင်ရာ၌ လုပ်သားများနှင့် ပစ္စည်းသယ်ဆောင်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ စက်မှုပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ စက်မှုသုတေသီများသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများကို အသေးစိတ်လှည့်လည် ကြည့်ရှုလေ့လာကြရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ခင်းကျင်းပြသ

အဆိုပါ ပြပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန အသီးသီးတို့မှ ထုတ်လုပ်နိုင်သည့် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း ၃၄၉မျိုး၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းထုတ်လုပ်ထားသည့် စက်ပစ္စည်း ၄၃၁မျိုးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များထံ အပ်နှံလိုသည့် စက်ပစ္စည်း ၄၉၃မျိုးတို့ကို ခင်းကျင်းပြသထားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများပြည်တွင်း၌ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသပွဲအခမ်းအနားတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်များ ခင်းကျင်း ပြသထားသည့် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ယနေ့ပြပွဲအခမ်းအနားသို့ စက်မှုပညာရှင်နှင့် လုပ်ငန်းရှင် ၁၈၀ တို့ အပါအဝင် ဝန်ကြီးဌာနများမှ စက်မှုဘက်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ပြပွဲကို ယနေ့မှ အောက်တိုဘာ ၂၂ရက်အထိ နေ့စဉ် နံနက် ၇နာရီခွဲမှ ညနေ ၃နာရီအထိ ပိတ်ရက်မရှိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အလားတူ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် အောက်တိုဘာ ၁၄ရက် နံနက် ၈နာရီမှ စတင်၍ ရန်ကုန်မြို့ရှိ လှော်ကား ဓာတ်အားပေးစက်ရုံ၌ လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အောက်တိုဘာ ၁၄ရက် နံနက် ၁၀နာရီမှစတင်၍ ရန်ကုန်မြို့ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ သိပ္ပံပစ္စည်းအလုပ်ရုံ၌ လည်းကောင်း ပုဂ္ဂလိက စက်မှုပညာရှင်များနှင့် လုပ်ငန်းရှင်များ ကြည့်ရှုလေ့လာနိုင်ရန် ပြပွဲများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သင်တန်းဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၁၃

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ရရှိထားသူများအတွက် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်၌ Understanding Networking Fundamentals ကိုးပတ် အချိန်ပိုင်းသင်တန်း (၅/၂၀၀၅)ကို အောက်တိုဘာ ၃၁ရက်မှစ၍ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင်လည်းကောင်း၊ ကိုးပတ် အချိန်ပိုင်းသင်တန်း(၆/၂၀၀၅)ကို နိုဝင်ဘာ ၅ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့များတွင် လည်းကောင်း ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

Understanding Networking Fundamentals သင်တန်းသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာတွင် အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုံအမှတ်၊ စာစစ်ဌာန၊ တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သော စုစုပေါင်းရမှတ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) အခြေခံပညာ အထက်တန်းအဆင့် သင်ယူပြီးမြောက်ကြောင်း သက်ဆိုင်ရာအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးထံမှ ထောက်ခံချက်၊ အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် လိုင်စင်ဓာတ်ပုံတစ်ပုံ ပူးတွဲ၍ လျှောက်ထားရမည်။

လျှောက်ထားလိုသူများသည် အောက်တိုဘာ ၁၈ရက်မှ ၂၈ရက်အထိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီး ဝင်ခွင့်ရရှိသူများစာရင်းကို အောက်တိုဘာ ၃၀ ရက်တွင် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ် (ဗိုလ်တထောင်မြို့နယ်)၌ ကပ်ထားမည်ဖြစ်သည်။

အသေးစိတ်ကို အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၈၂၅၆၆၊ ၀၁-၅၁၅၂၈၂၊ ၀၁-၅၀၄၅၆၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၃၄၄၆၃)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Dexamethasone Tablet (Dexamethasone 0.5 mg)	New Life Pharma Co., Ltd.	Thailand
၂။	Pekquine Injection 5cc (Chloroquine Phosphate 325. 5mg eq to Base 200mg, Lignocaine HCL 50mg	Liwinner Pharmaceutical Limited Partnership	Thailand
၃။	Chloramphenicol Injection 250 mg/2ml (Chloramphenicol 250mg. Lidocaine HCl 30mg)/2ml	A.N.B Laboratories Co., Ltd.	Thailand
၄။	Sinaxmol Tablet	ဖော်ပြထားခြင်းမရှိပါ	ဖော်ပြထားခြင်း မရှိပါ
၅။	Zardine Tablet	ဖော်ပြထားခြင်းမရှိပါ	ဖော်ပြထားခြင်း မရှိပါ

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၀-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
° - The Study of Proposition.
(ပထမနှစ်-ဒဿနိကဗေဒ)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် **"ပင်ကင်းနှင့် လိုက်ကင်း"အပိုင်း(၂)**
၆:၅၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့အမျိုးမျိုး ဖွင့်ကြပါလိမ့်မယ်"(အပိုင်း-၂၇)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်ဓား" (အပိုင်း-၁၃)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်စွာဆောင်ရွက်

မြန်မာ့ရုပ်ရှင်နေ့နှင့် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရုပ်ရှင်နေ့နှင့် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး နာယကကြီးများဖြစ်ကြသော ဒါရိုက်တာ ဦးတင်ယုနှင့် ဒါရိုက်တာဦးမြင့်စိုးတို့က မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယနေ့ အခမ်းအနား၌ သက်ကြီး ရုပ်ရှင်ပညာရှင်များ၊ ရုပ်ရှင်လောကသားများအား ရင်းရင်းနှီးနှီး တွေ့ခွင့်ရသည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ ယခုလိုရုပ်ရှင် လောကသားများ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ဆောင်ရွက်နေကြသည်ကို တွေ့ရ၍ ရုပ်ရှင်လောကအတွက်အထူးအားတက်မိကြောင်း၊ ယခုအခမ်းအနားသို့ အင်တိုက်အားတိုက် တက်ရောက်ကြသလို မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယနေ့သည် အစဉ်အလာကောင်းတစ်ရပ်ကို ထိန်းသိမ်းသည့်အနေဖြင့် မြန်မာ့ရုပ်ရှင်နေ့ကို ကျင်းပသည့်အတွက် မင်္ဂလာရှိသောနေ့ပင်ဖြစ်ကြောင်း၊ အသက်အရွယ်အားဖြင့်သော်လည်းကောင်း၊ ဂုဏ်အားဖြင့်သော်လည်းကောင်း ချီးမြှင့်ထိုက်သူများအား ဂုဏ်ပြု ချီးမြှင့်သည့်အတွက် မင်္ဂလာရှိသော ဆောင်ရွက်မှုပင်ဖြစ်ကြောင်း၊ ကောင်းမွန်သော အစဉ်အလာဖြစ်၍ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

မြန်မာ့ရုပ်ရှင်လောကနှင့် ပတ်သက်၍ မိမိသိရှိသမျှ ပြောရမည်ဆိုလျှင် ရုပ်ရှင်လုပ်ငန်းကို အာရှတွင် အိန္ဒိယနိုင်ငံပြီးလျှင် မြန်မာနိုင်ငံက စတင်ခဲ့သည်ဟု လေ့လာသိရှိရကြောင်း၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းသည် အကြောင်းကြောင်းကြောင့် ထိုက်သင့်သောအဆင့်သို့ မရောက်ရှိသေးကြောင်း၊ ရုပ်ရှင်အဆင့်အတန်း မမြင့်မားသေးသည့်အတွက် နိုင်ငံတော်အတွက်ရော၊ ရုပ်ရှင်လောကသားများအတွက်ပါ အခွင့်အလမ်းအချို့ လက်လွှတ်ခဲ့ရကြောင်း၊ သို့ဖြစ်၍ မြန်မာ့ရုပ်ရှင် အဆင့်အတန်းတိုးတက်မြင့်မားပြီး နိုင်ငံတော်နှင့်ရုပ်ရှင်လောကသားများ အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်သက်ကြီး ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ သက်ကြီး အနုပညာရှင်များစာရင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များစာရင်းနှင့် အလှူငွေရရှိမှု အခြေအနေများကိုလည်းကောင်း၊ လစဉ် ထောက်ပံ့ငွေပေးအပ်သည့် ရုပ်ရှင်သက်ကြီး ပုဂ္ဂိုလ်များ စာရင်းကိုလည်းကောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက ဖတ်ကြားသည်။

ထို့နောက် ရုပ်ရှင်သက်ကြီးအနုပညာရှင်များအား ဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တက်ရောက်လာကြသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်အနုပညာရှင်များက လက်အုပ်ချီမိုး ကန်တော့ကြသည်။

ယင်းနောက် ရုပ်ရှင်သက်ကြီး အနုပညာရှင်များကိုယ်စား ရုပ်ရှင်သက်ကြီး အနုပညာရှင် ဒါရိုက်တာ ဦးခင်ဇော်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် သက်ကြီးရုပ်ရှင် အနုပညာရှင်များအား လိုက်လံနှုတ်ဆက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း စတုဒိသာ လာရောက် ကျွေးမွေးကြသည့် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

လက်အုပ်ချီမိုး ကန်တော့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်အနုပညာရှင်များက မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် ကန်တော့ခံ သက်ကြီးရုပ်ရှင်အနုပညာရှင်များအား လက်အုပ်ချီမိုး ကန်တော့ကြစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားတွင် တက်ရောက်လာကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဝမ်းမြောက် စကား ပြောကြား

မြန်မာ့ရုပ်ရှင် သက်ကြီး ပူဇော်ပွဲ အခမ်းအနား တွင် ကန်တော့ခံသက်ကြီး ရုပ်ရှင် အနုပညာ ရှင်များ ကိုယ်စား ဒါရိုက်တာဦးခင်ဇော် က ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ချမ်းသာကြီး အထက အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၃

ရွှေဘိုမြို့ (ချမ်းသာကြီး အထက) အထက(၂)မှ သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား (၂၆)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရွှေဘိုမြို့ အထက(၂) ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသားများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် နှိုးဆော်ထားသည်။

(က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ မြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၌ အင်္ဂလိပ်စာ ကဗျာရွတ်ဆိုပြိုင်ပွဲကို စက်တင်ဘာ ၃၀ရက်ကကျင်းပရာ ဒုတိယတန်းကျောင်းသားလေးများ ကဗျာရွတ်ဆိုပြိုင်ပွဲဝင်စဉ်။

(မြို့နယ်ပြန်/ဆက်)

ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို အောက်တိုဘာ ၈ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးညွှန့်က သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက်ပထမဆုနှင့် မြို့နယ်ဘက်စုံပထမဆုရ မဖြူစင်မိုးပွင့်အား ဆုချီးမြှင့်စဉ်။

(ပညာရေး)



❍ တေရသမအကြိမ်မှ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ အနုပညာဦးစီးဌာန ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ပတ္တလား အတီးပြိုင်ပွဲကို အနုပညာဦးစီးဌာန ကမ္ဘောဇ ဇာတ်ရုံ၌လည်းကောင်း ကျင်းပကြသည်။

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများသို့ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း၊ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဉက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အနုသုခုမ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို မြတ်နိုးကြသော ပြည်သူများတစ်ခဲနက် လာရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ စတင်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက် အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို ကျင်းပရာ တေးသံရှင် ဒေါ်ကြည်အောင် သီဆိုခဲ့သည့် "နီးအောင်ပင်လှမ်း" သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်၊ တနင်္သာရီတိုင်းမှ ဒေါ်ခင်သူဇာ၊ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာ၊ ချင်းပြည်နယ်မှ ဒေါ်ခင်ဆန်းဝေ၊ ဧရာဝတီတိုင်းမှ ဒေါ်မြမြအောင်၊ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်ထွန်း(မြဝတီ)နှင့် ဒေါ်သူဇာအောင်၊ ကယားပြည်နယ်မှ ဒေါ်မြင့်မြင့်သန်း (ခ) ဒေါ်မြင့်မြင့်စန်းအောင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ မန္တလေးတိုင်းမှ မြန်မာမလေး သပြေ၊ မကွေးတိုင်းမှ ဒေါ်မာလာဝင်း၊ မွန်ပြည်နယ်မှ ဒေါ်ခင်လှနွယ်နှင့် ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁နာရီ ၄၅မိနစ်တွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ် တေးအဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဂီတစာဆို ထီလာစစ်သူ (ကဗျာ) ရေးစပ်သီကုံးပြီး တေးသံရှင် ကိုမင်းနောင် သီဆိုသည့် "လှလင်ငယ်သွေး"သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စိုင်းကျော်ကိုထက်၊ ပဲခူးတိုင်းမှ မောင်သီဟလင်း၊ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်း၊ ကရင်ပြည်နယ်မှ မောင်စောစည်သူအောင်၊ ဧရာဝတီတိုင်းမှ မောင်နိုင်လင်းအောင်၊ မွန်ပြည်နယ်မှ မောင်သိန်းမင်းဦး၊ စစ်ကိုင်းတိုင်းမှ မောင်ကောင်းထက်ဝေ၊ မန္တလေးတိုင်းမှ မောင်ရန်နိုင်လင်း၊ တနင်္သာရီတိုင်းမှ မောင်ဝေဖြိုးအောင်၊ မန္တလေးတိုင်းမှ မောင်ရာဇာဝင်းဗိုလ်၊ ကယားပြည်နယ်မှ မောင်သက်နိုင်ဦး၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်းနှင့် ကချင်ပြည်နယ်မှ မောင်သီဟကျော်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ ပထမနေ့ အစီအစဉ်များကို မွန်းလွဲ ၂နာရီ မိနစ် ၄၀တွင် ရပ်နားလိုက်သည်။

အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် (အမျိုးသား) ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်း သီဆိုပြိုင်ပွဲဝင်စဉ်။
(သတင်းစဉ်)

အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၈နာရီမှစတင်၍ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပညာရှင်အဆင့် (အမျိုးသမီး)အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဒေါ်ချိုသန္တာလင်း၊ရန်ကုန်တိုင်းမှ ဒေါ်ဒါလီလင်း၊ မန္တလေးတိုင်းမှ ဒေါ်ထက်ထက်ထူးဝေနှင့် ဒေါ်မဋ္ဌုသင်း၊ မကွေးတိုင်းမှ ဒေါ်သွယ်သွယ်ဝင်း၊ ပဲခူးတိုင်းမှ ဒေါ်ဂျစ်တူးမနှင့် ရန်ကုန်တိုင်းမှ ဒေါ်ဖြူဖြူသိန်း(ခ)ဖြူနှင်းဆီတို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်(အမျိုးသား)အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မကွေးတိုင်းမှ မောင်ညီညီဇော်၊ ရှမ်းပြည်နယ်မှ မောင်ကျော်လင်း၊ ရန်ကုန်တိုင်းမှ မောင်ဇင်မျိုးဝင်း၊ ပဲခူးတိုင်းမှ မောင်ဝင်းသူရိန်၊ စစ်ကိုင်းတိုင်းမှ မောင်အောင်အောင်၊ ချင်းပြည်နယ်မှ မောင်နိုလျန်ထန်း၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူစောထက်ရှိုင်း၊ မန္တလေးတိုင်းမှ မောင်မျိုးသီဟကျော်(ခ)ပိုင်ပိုင်၊ မွန်ပြည်နယ်မှ မင်းရဲဇာနည်ကျော်၊ ရန်ကုန်တိုင်းမှ မောင်သန့်ဇင်ထွန်း၊ ကချင်ပြည်နယ်မှ မောင်ဇော်မိုင်ခွန်နှင့် မန္တလေးတိုင်းမှ မောင်ဝေယံတို့ ပြိုင်ပွဲဝင်ကြသည်။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀) နှစ် (အမျိုးသား) မန္တလေးတိုင်းမှ မောင်မျိုးသီဟကျော်(ခ)ပိုင်ပိုင် ယှဉ်ပြိုင်စဉ်။
(ကြေးမုံ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် အကအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသမီး) အကပြိုင်ပွဲကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသား) အကပြိုင်ပွဲကို လည်းကောင်း ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲများကို ပန်တျာကျောင်း၌ နံနက် ၉နာရီတွင် စတင်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်ပြိုင်ပွဲတွင် "ပညာပန်းတို့ လန်းရာမြေ"သီချင်းခေါင်းစဉ်ဖြင့် မွန်ပြည်နယ်မှ မယဉ်မေဦး၊ စစ်ကိုင်းတိုင်းမှ မယမင်းခင်၊ တနင်္သာရီတိုင်းမှ မောင်ရှင်းပအောင်၊ မကွေးတိုင်းမှ မမေဖူးခိုင်၊ မန္တလေးတိုင်းမှ မအေးဇင်မာနှင့် မထက်ထက်စံ၊ ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် မခင်မြတ်မြတ်မောင်၊ ဧရာဝတီတိုင်းမှ မရည်မွန်သန့်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပညာရှင်အဆင့်ပြိုင်ပွဲတွင် "မြန်မာ" သီချင်းခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ ဦးဝင်းကျော်ကျော်၊ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ ချင်းပြည်နယ်မှ ဦးစိုးမိုးအောင်၊ မွန်ပြည်နယ်မှ ဦးမင်းဟန်သိန်း၊ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း၊ ပဲခူးတိုင်းမှ ဦးအေးသန်း၊ မန္တလေးတိုင်းမှ ဦးရှိုင်းဗိုလ်နှင့် ဦးမျိုးသူ၊ ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော်နှင့် ဟင်္သာတရဲမင်းဟန် (ခ) ဦးခင်မောင်အေး၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် အရေးပြိုင်ပွဲများကို အရေးပြိုင်ပွဲအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကလေးဦးတင့်အောင်နှင့် အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကိုကြီးကြပ်ပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် ပဒုမ္မာဇာတ်ရုံ၌ စတင်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်ရဲဝင်းသန်း၊ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်းနှင့် မန္တလေးတိုင်းမှ မောင်အောင်မင်းထူး၊ မန္တလေးတိုင်းမှ မနန္ဒာအေး(ခ)ခင်နန္ဒာနွယ်၊ မသန္တာဒွေး(ခ)ခင်သန္တာနွယ်၊ မွန်ပြည်နယ်မှ မရင်ရင်ခိုင်၊ ရန်ကုန်တိုင်းမှ မအိအိမွန်၊ ဧရာဝတီတိုင်းမှ မတင်နီလာဝင်း၊ ရန်ကုန်တိုင်းမှ မသင်းစုလွင်နှင့် ရခိုင်ပြည်နယ်မှ မခင်မိမိမိုးတို့က "ထောင်ရောင်နေ"(ကြိုး)ဖြင့် တီးခတ်ယှဉ်ပြိုင်ကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ယနေ့ယှဉ်ပြိုင်ကြသည့် အဆင့်မြင့်ပညာအဆင့်(အမျိုးသား/အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲများကို(စောင်း)ဖျာပုံ ဦးသိန်းဟန်ကြီး ခေါင်းဆောင်သော အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀) နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို ကမ္ဘောဇဇာတ်ရုံ၌ နံနက် ၉နာရီတွင် စတင်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား)ပြိုင်ပွဲတွင် "မှိုင်းရိပ်ကယ်တည်"(ကြိုး)ဖြင့် မကွေးတိုင်းမှ မောင်ဝဏ္ဏလင်း၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့် မောင်ကြည်သာစိုး၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်နှင့် မောင်ဇော်မင်း(ခ) ဖိုးလပြည့်၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်နှင့် စစ်ကိုင်းတိုင်းမှ မောင်ထက်ဇော်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် အမျိုးသမီးပတ္တလား အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။
(သတင်းစဉ်)

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်သော်ဇင်ဝင်း၊ ဧရာဝတီတိုင်းမှ မောင်အေးချမ်း၊ ပဲခူးတိုင်းမှ မောင်ကံဦးမောင်နှင့် မန္တလေးတိုင်းမှ မောင်ဖိုးလရောင် တို့က "ကုန်းဘောင်အာဟိန်ညွှန့်ညွှန့်"(ပတ်ပျိုး)ဖြင့် တီးခတ်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မရူပါဌေးနှင့် မဆုရည်ကိုကို၊ ဧရာဝတီတိုင်းမှ မသီရိမြတ်ဆု၊ ပဲခူးတိုင်းမှ မဖြူနှင်းဝေ၊ မကွေးတိုင်းမှ မနန်းသီရိခင်ခင်၊ မန္တလေးတိုင်းမှ မဟိန်းထက်နှင့် မအေးစုကျော်တို့က "တောဟောဝန်းလယ်" (ယိုးဒယား)ဖြင့် ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။



အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် အရေးပြိုင်ပွဲဝင် ကလေးငယ် တစ်ဦးက "ပညာ ပန်းတို့ လန်းရာမြေ"ခေါင်းစဉ်ဖြင့် သီချင်းစာသား ရေး၍ တေးသွား ထည့်စဉ်။
(သတင်းစဉ်)

ယင်းနောက် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် "သောင်းသောင်းမြိုင်ကြိုး"(ယိုးဒယား) ဖြင့် မွန်ပြည်နယ်မှ မခင်ဆွေမွန်၊ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်း၊ မကွေးတိုင်းမှ မသက်သန္တာစိုး၊ ရန်ကုန်တိုင်းမှ မရတနာလင်းနှင့် မန္တလေးတိုင်းမှ မငြိမ်းအေးသူတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ပြည်ပြည်မင်းပေါင်း"(သီချင်းခန့်)ဖြင့် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်း၊ မန္တလေးတိုင်းမှ ဒေါ်ယမင်းနှင့် ဒေါ်ကြည်ကြည်စမ်း၊ ရန်ကုန်တိုင်းမှ မမြင့်မြင့်အေး၊ ပဲခူးတိုင်းမှ ဒေါ်မြမြဝင်း၊ ရန်ကုန်တိုင်းမှ မပေါက်ကျော်မနှင့် မွန်ပြည်နယ်မှ မအေးမာသီတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပတ္တလားအတီးပြိုင်ပွဲကို အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဂီတလုလင်ဦးကိုကိုနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကိုကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသား/အမျိုးသမီး) တယောပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအသက်(၁၅–၂၀)နှစ် (အမျိုးသား/အမျိုးသမီး) တယောပြိုင်ပွဲများကို ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။
(သတင်းစဉ်)

တရုတ် ပြည်သူ့ သမ္မတနိုင်ငံ (၁၀) ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ အမျိုးသား အားကစားပွဲတော် တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၃

၂၀၀၅ ခုနှစ် အောက်တိုဘာ၁၀ရက်မှ ၁၇ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့၌ကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၀)ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ အမျိုးသားအားကစားပွဲတော်သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်သော မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့ဝင်သုံးဦးတို့သည် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီ ၅၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဦးလှဝင်းအားရည်စူး၍ ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ် (၁၄/၃) ရပ်ကွက် ယုဇနမာလာလမ်းနေ ဒေါ်ကျင်အုံမိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရှေးဟောင်းခုနစ်ဆူ ဘုရားဝင်းအတွင်း တည်ဆောက်နေသောနှစ်ကျိပ်ရှစ်ဆူသိမ်တန်ဆောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် တစ်သိန်းငါးသောင်းကို အောက်တိုဘာ ၈ရက်က စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၃

လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ် အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ယနေ့နံနက်မြန်မာစံတော်ချိန်(၀၆:၃၀)နာရီအချိန်တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

အောက်တိုဘာ၁၄ရက်နေ့ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁၀–၂၀၀၅(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းဧရာဝတီ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	သီးနှံရောဂါများကို ထိရောက်စွာကာကွယ် နှိမ်နင်းနည်းများ
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
၈း၃၀	ဗွီစီဒီမိတ်ဆက်(လူရွှင်တော်)
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၉း၁၀	၂၀၀၅ခုနှစ်မြန်မာ့သိုင်းပညာ ပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	ကုသမနေ့းတီဘီဆေး (ရာဇာနေဝင်း၊သုမောင်၊ ညီဂျော်၊မတူး)
၉း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၁၀း၂၅	ယဉ်ကျေးမှုတက္ကသိုလ် ဂီတဌာန
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	ရှုချင်စရာမျက်လှည့်ပဒေသာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မုံရွာမြို့နယ် သမိုင်းဝင် ကျောက်ကာဆုတောင်းပြည့် ရွှေဂူနီဘုရားကြီး၌ ဆီမီး(၉၀၀၀) ပူဇော်ပွဲနှင့် တရားပွဲများကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

မုံရွာမြို့နယ် သမိုင်းဝင် ကျောက်ကာဆုတောင်းပြည့် ရွှေဂူနီဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များနှင့် ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆီမီး ၉၀၀၀ပူဇော်ပွဲကို ကျောက်ကာဆုတောင်းပြည့် ရွှေဂူနီမြတ်စွာဘုရားကြီး ရင်ပြင်တော်၌ ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ရက် ည ၇နာရီတွင် ကျင်းပမည်ဖြစ်သည်။

တရားပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ရာ ၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက် ည ၇နာရီတွင် မုံရွာမြို့ သီရိမင်္ဂလာရာမကျောင်းတိုက်ဆရာတော် ဦးတိက္ခဉာဏကလည်းကောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက် ည ၇နာရီတွင် မုံရွာမြို့ နတ်လူထိပ္ပန်မဟာမင်းကျောင်းတိုက် နယ်လှည့်ဓမ္မကထိကအရှင် တိလောကသာရကလည်းကောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက် ညနေ ၅နာရီခွဲတွင် ခင်မွန်မဟာဇောဓိတောရဆရာတော် နယ်လှည့်ဓမ္မကထိက အရှင်ဝိသုတက လည်းကောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၃ရက် ည ၇ နာရီတွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် သဒ္ဓမ္မကာရီကျောင်းဆောင် နိုင်ငံတော်ဘွဲ့တံဆိပ်ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဘုရားရင်ပြင်တော်၌ ဟောကြားတော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးထွန်းခင်(ခ)ဦးရဲခင်နှင့် ဒေါ်ရင်မေတို့အားရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆရာစံလမ်း ရန်ကင်းစင်တာနေ သားသမီး၊ မြေး၊ မြစ်များက အလှူငွေကျပ် ငါးသိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန၄လမ်း ၁၆/၂ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လှူဒါန်းရာဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့ကလက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးခြေစစ်ပွဲယှဉ်ပြိုင် ပြင်သစ်၊ ဆာဘီးယားနှင့် ဆွီဒင် ခြေစစ်ပွဲအောင်မြင်

လန်ဒန် အောက်တိုဘာ ၁၃

ပြင်သစ်၊ ဆာဘီးယားနှင့် မွန်တီနီဂရိုး၊ ဆွီဒင်နိုင်ငံတို့သည် ဗုဒ္ဓဟူးနေ့ကကျင်းပသော ၎င်းတို့၏ နောက်ဆုံးခြေစစ်ပွဲများတွင် အသီးသီးအနိုင်ရရှိခဲ့ကြသဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ချက်သမ္မတနိုင်ငံ၊ ဆွစ်ဇာလန်၊ ဆလိုဗက်ကီးယား၊ စပိန်နှင့် တူရကီနိုင်ငံတို့သည် အဆုံးအဖြတ်ပေးမည့် ထပ်ဆင့်ခြေစစ်ပွဲများ ကစားရမည်ဖြစ်ပြီး ဒိန်းမတ်၊ ဂရိနှင့် ရုရှားနိုင်ငံတို့ ပြိုင်ပွဲမှထွက်ခွာသွားရပြီဖြစ်သည်။

ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပသော ဥရောပခြေစစ်ပွဲများတွင် ပြင်သစ်နိုင်ငံအသင်းက ဆိုက်ပရပ်စ်နိုင်ငံအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ စတိတ်ဒီဖရန်းအားကစားကွင်း၌ ကျင်းပသော ယင်းပွဲ၌ ဇီနက်ဒင်ဇီဒန်း၊ ဆီလ်ဗိန်းဝီးတော့နှင့် ဗီးကက်ရ် ဒိုရာဆူးတို့က ပထမပိုင်းအတွင်း ဂိုးသွင်းနိုင်ခဲ့ကြပြီး လူဒိုဗစ်ဂူလီက နောက်ပိုင်းတွင် စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့သည်။

ဆာဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံအသင်းက ဘော်လ်ကန်ဒေသရှိ ပြိုင်ဘက်အသင်းဖြစ်သော ဘော့စနီးယား–ဟာဇီဂိုးဗီးနားနိုင်ငံအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ လာမည့်နှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ပြီဖြစ်သည်။ ဆာဘီးယားအသင်းသည် ဥရောပဇုန် အုပ်စု(၇)တွင် ထိပ်ဆုံးမှရပ်တည်နေပြီး စပိန်အသင်းက အုပ်စုဒုတိယ ရရှိထားသည်။ ဆန်မာရီနိုအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သော စပိန်အသင်းသည် ထပ်ဆင့်ခြေစစ်ပွဲ ကစားရမည်ဖြစ်သည်။

ဆာဘီးယားအသင်းအတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း မေတီဂျာကက်ဇ်မန်းက ပွဲချိန်ခုနစ်မိနစ်တွင် အနီးကပ်ကန်သွင်းယူခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ အသင်းသည် အိုင်ယာလန်သမ္မတနိုင်ငံအသင်းနှင့် ယှဉ်ပြိုင်ရာတွင် ဂိုးမရှိသရေကျခဲ့ပြီးနောက် ဥရောပဇုန်အုပ်စု(၄)၏ထပ်ဆင့်ခြေစစ်ပွဲ ဝင်ရောက်ခွင့်ရရှိသည်။

ဥရောပဇုန်(၃)၏နောက်ဆုံးခြေစစ်ပွဲတွင် ရုရှားနိုင်ငံအသင်းနှင့် ဂိုးမရှိသရေကျခဲ့သော ဆလိုဗက်ကီးယားအသင်းမှာလည်း အဆုံးအဖြတ်ပေးမည့်ထပ်ဆင့်ခြေစစ်ပွဲ ဝင်ရောက်ခွင့်ရရှိသည်။

ဆလိုဗက်ကီးယား အသင်းသည် ရုရှားအသင်းနှင့် ၂၃မှတ်ချင်း တူညီသော်လည်း ဂိုးကွာခြားချက်အရ ထပ်ဆင့်ခြေစစ်ပွဲ ဝင်ရောက်ခွင့် ရရှိခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းသည် ဥရောပဇုန် အုပ်စု(၃)တွင် ခြေစစ်ပွဲအောင်ပြီးဖြစ်သည်။

အုပ်စု(၆)တွင် ပါဝင်သည့် အင်္ဂလန်အသင်းနှင့် ပိုလန်အသင်းတို့ ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာတွင် အင်္ဂလန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ အောင်ပွဲခံခဲ့သည်။ အင်္ဂလန်အသင်းအတွက် ပွဲချိန် ၄၄မိနစ်တွင် အသင်းခေါင်းဆောင် မိုက်ကယ်အိုဝင်က သွင်းယူခဲ့သည်။ ပိုလန်အသင်းမှ အစားထိုးဝင်ရောက်လာသူ တိုမက်ဇ်ဖရန်ကိုစကီးက ပထမပိုင်းအတွင်းမှာပင် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ အင်္ဂလန်အသင်းအတွက် အနိုင်ဂိုးကို ပွဲချိန် ၈၁မိနစ်တွင် ဖရန့်ခ်လမ်းပတ်က သွင်းယူခဲ့သည်။

အမ်အင်အေဆင်ဟွာ၊ရိုက်တာ။

အောက်တိုဘာ ၁၂ ရက်က အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ရှိ အိုးလ်ဒ်ထရက်ဖို့ဒ် အားကစားကွင်းတွင်ကျင်းပသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ အင်္ဂလန်အသင်းမှ ဝိန်းရူနေး(ယာ)က ပိုလန်ဘောလုံးသမား စမိုလာရက်၏ရှေ့တွင် ဘောလုံးကို ထိန်းချုပ်ရယူစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲဖွင့် ယခုပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင် ၂၄၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင် မွန်မြတ်သည့်ဦးတည်ချက်များနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာယှဉ်ပြိုင်နိုင်စေရန် စနစ်တကျစီမံထား

ရန်ကုန် အောက်တိုဘာ ၁၃

"မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ဇာတိမာန် ထက်မြက်မြင့်မားရန်"၊ "မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်"၊ "မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရန်"၊"မြန်မာတို့၏အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်"၊"လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်"၊ "တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်"နှင့် "တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရှင်သန်လာစေရန်" ဟူသော ရည်ရွယ်ချက်(၇)ရပ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် တေရသမအကြိမ် (၁၃ကြိမ်)

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ပရိသတ်များ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ဂီတလုလင်ဦးကိုကို ရေးစပ်သီကုံးသော ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းအား အနုပညာရှင်များ သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် အောက်တိုဘာ ၁၃

၂၀၀၅ခုနှစ် အောက်တိုဘာ ၁၆ရက်မှ အောက်တိုဘာ ၂၀ရက် အထိ ကာလအတွင်း ရန်ကုန်မြစ် အတွင်း အခြေခံ ရေစစ်မျဉ်း အထက် အမြင့်ပေ ၂၀ ဒသမ ၁၄ ပေခန့်မှ ၂၁ ဒသမ ဝ၃ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ် ရှိကြောင်းကို ကမ်းနားဒေသ အတွင်း နေထိုင်ကြသော အများ ပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေး အကြောင်းကြားထားသည်။

(သတင်းစဉ်)

တေရသမအကြိမ်(၁၃ ကြိမ်)
အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ
ပထမနေ့ပြိုင်ပွဲအစီအစဉ်များ စတင်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

တေရသမအကြိမ်(၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပထမနေ့ပြိုင်ပွဲအစီအစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော နေရာအသီးသီးတို့၌ စတင်ကျင်းပရာ လာရောက်ကြည့်ရှုနားသောတဆင်အားပေးကြသူများဖြင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိသည်။

ယင်းသို့ ကျင်းပကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အနုပညာဦးစီးဌာန အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အရေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍